ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ (2-10-2013) (၇၆၂)

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ဘာသာကြီး (၅)ရပ်တို့၏ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲသို့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ယနေ့ကျင်းပသော ဘာသာပေါင်းစုံတွေ့ဆုံနှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ဘာသာအသီးသီးမှ ခေါင်းဆောင်ကြီးများနှင့် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြစေရန်နှင့် မိမိတို့၏ ဘာသာ သာသနာ အကျိုးကို ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ အပ်ပါသည်။

လေးစားကြည်ညိုရပါသော ဘာသာရေးခေါင်းဆောင်ကြီးများခင်ဗျား-

မိမိတို့မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက်ကပင် ကွဲပြားခြားနားသော ဘာသာရေးယုံကြည်ကိုးကွယ်မှုများဖြင့် အတူယှဉ်တွဲနေထိုင်လာခဲ့သည့် အစဉ်လာကောင်းသော သမိုင်းကြောင်းများရှိခဲ့ပါသည်။ မိမိတို့အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်တာဝန်ထမ်းဆောင်ခဲ့ချိန်မှစ၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ပေးနိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။

ထို့အတူ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာယုံကြည် ကိုးကွယ်ခွင့် စသည့် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခံစားရရှိ နိုင်ကြရန်အတွက် ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့သော်လည်း ပြီးခဲ့သည့်ကာလများတွင် သာမန်ရာဇဝတ်မှုများကို အကြောင်းပြု၍ လူ့အသိုင်းအဝိုင်းနှစ်ခုအကြား၊ ဘာသာနှစ်ခုအကြား ပဋိပက္ခများဖြစ်ပေါ်အောင် လှုံ့ဆော်ဖန်တီးမှုများရှိခဲ့သည်ကို စိတ်မကောင်းဖွယ်ရာ ကြုံတွေ့ခဲ့ရပါသည်။ ထိုသို့ ဘာသာရေး၊ လူမျိုးရေးအပေါ် အခြေခံသည့် မတည်မငြိမ် ဖြစ်မှုများသည် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထိခိုက်နှောင့်နှေးစေသည်သာမက နိုင်ငံတကာ အလယ်တွင်လည်း မိမိတို့နိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေခဲ့ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်တော်မြို့ရှိ သမိုင်းဝင်မဟာမုနိဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရခိုင်ပြည်နယ် မြောက်ဦးမြို့၊ ကျောက်တော်မြို့နှင့် မောင်တောမြို့နယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယ ဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဌေးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

ထို့မှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်တို့ လိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် မြောက်ဦးမြို့သို့ ရောက်ရှိပြီး မြို့တည်ငြိမ်အေးချမ်းမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် မြောက်ဦးမြို့ နဝရတ်ဟိုတယ် ဧည့်ခန်းမ၌ မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဦးတို့က မြောက်ဦးမြို့သို့ နှစ်အလိုက် နိုင်ငံခြားသား လာရောက်လည်ပတ်မှုနှင့် ခရီးသွားလုပ်ငန်း အခြေအနေ၊ ခရိုင်အတွင်း စိုက်ပျိုးမြေဧရိယာနှင့်စိုက်ပျိုးထားမှု၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက ဒေသတည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို ဆွေးနွေးမှာကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ခရီးလမ်းတွင် ဘေးကင်းလုံခြုံရေး ကားများ၌အင်တာနက်တပ်ဆင်မည်

ဘာလင် အောက်တိုဘာ ၁

ခရီးလမ်းတွင် ဘေးကင်းလုံခြုံရေးအတွက် မော်တော်ယာဉ်မောင်းများအား ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် နည်းလမ်းတစ်ရပ်အဖြစ် မော်တော်ယာဉ်သုံး အင်တာနက်နည်းပညာတစ်ရပ်ကို ဂျာမနီနိုင်ငံရှိ ဘီအမ်ဒဗလျူ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက စမ်းသပ်လေ့လာမှုများ ပြုလုပ်လျက်ရှိသည်။

ဂျာမနီနိုင်ငံရှိ လျှပ်စစ်နှင့်အီလက်ထရွန်နစ်အင်ဂျင်နီယာတက္ကသိုလ်မှ သုတေသီများက မော်တော်ယာဉ်တစ်စီးနှင့် တစ်စီး ဆက်သွယ်နိုင်မည့် နည်းပညာသစ်တစ်ရပ်ကို သုတေသနပြုလုပ်လျက်ရှိပြီး ဘီအမ်ဒဗလျူကုမ္ပဏီနှင့်ပူးပေါင်းကာ လက်တွေ့စမ်းသပ်လေ့လာလျက်ရှိကြသည်။

မော်တော်ယာဉ်အချင်းချင်း အပြန်အလှန်ဆက်သွယ်နိုင်မည့် အင်တာနက်စနစ် တပ်ဆင်ခြင်းသည် မော်တော်ယာဉ် မတော်တဆမှုမှ ရှောင်ရှားနိုင်ရန် ရည်ရွယ်ကြောင်း ပါမောက္ခ ခရစ္စတိုမာ စတီလာက ပြောကြားသည်။ ဂျာမနီနိုင်ငံ၌ ၂၀၂၅ ခုနှစ်ထက် နောက်မကျဘဲ

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁-၁၀-၂၀၁၃

သပိတ်ကျင်း	၃ ဒသမ ၂၇ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၈၇ လက်မ
အမ်း	၂ ဒသမ ၄၇ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၂ ဒသမ ၂၈ လက်မ
ကော့သောင်း	၁ ဒသမ ၇၇ လက်မ
မြောင်းမြ	၁ ဒသမ ၆၁ လက်မ

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) အပို ရှစ်မျက်နှာ ပါရှိပါသည်။

ကြေးမုံ စာတည်းရှုထောင့်　　　၂-၁၀-၂၀၁၃၊ ဗုဒ္ဓဟူးနေ့

ရေချို ရေသန့်ရရှိရေးကြိုးပမ်း

စင်ကာပူနိုင်ငံတွင် ပင်လယ်ရေမှရေချိုထုတ်လုပ်သော စက်ရုံကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ ဒုတိယမြောက် ဖွင့်လှစ်သည့် စက်ရုံဖြစ်ပြီး ပြည်သူများ၏ရေလိုအပ်ချက် ၂၅ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုသည်။ ပထမရေချိုစက်ရုံမှ ၁၀ ရာခိုင်နှုန်းနှင့်ဆိုလျှင် နည်းပညာနှင့် ရေချိုလိုအပ်ချက် ၃၅ ရာခိုင်နှုန်းထုတ်ယူသုံးစွဲလာနိုင်ခဲ့ပြီ။ စင်ကာပူနိုင်ငံသည် သောက်ရေကို အိမ်နီးချင်း မလေးရှားနိုင်ငံမှ နှစ်စဉ်ဝယ်ယူနေရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အာရှနှင့် ဥရောပနိုင်ငံများမှ ရေဆိုးသန့်စင်မှုဆိုင်ရာ နည်းပညာနှင့် စက်ပစ္စည်းပြပွဲကျင်းပမည်ဟု သိရသည်။ လာရောက်မည့် ပြည်ပနိုင်ငံများအနေဖြင့် နည်းပညာပိုင်းဆိုင်ရာနှင့် ရေဆိုးသန့်စင်စက်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ဈေးကွက်တင်ရောင်းချရန် ကိုယ်စားလှယ်လာရောက်ရှာဖွေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ရေချိုရရှိရေးတွင် စင်ကာပူနိုင်ငံကဲ့သို့ ပင်လယ်ရေမှ ရေချိုထုတ်ယူရန် နည်းပညာမလိုအပ်သေးပါ။ ဧရာဝတီမြစ်ရေစီးဆင်းမှုအရှိန်ကြောင့် ပင်လယ်နှင့်နီးသည့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ရေငန်မတိုးနိုင်၊ ရေချိုလိုင်လိုင်ရှိနေဆဲဖြစ်သည်။ သို့သော် ရေသန့်စင်မှုဆိုင်ရာ နည်းပညာနှင့် စက်ပစ္စည်းများလိုအပ်မည်ကား အမှန်ဖြစ်ပါသည်။ လက်ရှိမဟာရန်ကုန် သောက်သုံးရေရရှိရေးတွင် ကုက္ကိုဝတိုးမြစ်ရေကိုသန့်စင်ပြီး ရေသန့်ရယူနိုင်ဖို့ ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်နေပြီ။

ရေနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံအတွက် သဘာဝတရား၏ လက်ဆောင်မွန် မုတ်သုံမိုးများ မိုးလုံးမည်းမျှ ရွာသွန်းဖြိုးလျက်ရှိသည်။ မြစ်ချောင်းအင်းအိုင်၊ ဆည်မြောင်းချောင်းကန်ပြည့်လျှံ လျှံထွက် ထိန်းမနိုင်သိမ်းမရအထိ ရှိလာနေသည်။ ဤရေများကို ပင်လယ်ထဲသို့စီးဝင်ရာ အလဟဿဖြစ်မသွားရအောင် တောင်သမန်လိုမြစ်ကျိုးအင်းများ၊ မြေပြန့်ချိုင့်ဝှမ်းများ စသည့် သဘာဝရေလှောင်ကန်ကြီးများနှင့် ထိန်းသိမ်းထားနိုင်ပါလျှင် မိုးနည်းရေရှားရပ်ဝန်းများအတွက် အခက်အခဲများ ဖြေရှင်းပေးနိုင်ပါလိမ့်မည်။

ယခု ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် အောက်ပြည်အောက်ရွာမှ အညာရပ်ကျေးထိ ရေပြည့်ရေလျှံ ဝဲ/ယာကမ်းနှစ်ဖက်နေပြည်သူများ ရေချိုလိုအပ်နေသေးသည်။ ဤမျှများပြားလွန်းသောရေများကို ထိန်းသိမ်းသိုလှောင်ထားနိုင်မည်။ ရေဆိုးရေညစ် သန့်စင်ရန်ထက် ရေကောင်းရေသန့်များအဖြစ် သိုလှောင်ထားနိုင်မည့် နည်းပညာသစ်များရရှိလျှင် ဒေသခံပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။

နောင် ရေချိုအတွက် ပူစရာမလို၊ ပိုလျှံရေချိုများကို လိုအပ်သော နိုင်ငံများသို့ ထုတ်ရောင်းနိုင်လျှင် ဝင်ငွေတိုးလာနိုင်ပါသေးသည်။ မိမိတို့ဝိုင်းဝန်းအဖြေရှာကြရမည်။ နည်းပညာသစ်များရရှိအောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံရေချိုအရင်းအမြစ်ပေါကြွယ်ဝနေခြင်းသည် တစ်ဖက်တွင် သက်ရောက်မှု၏ တန်ပြန်သက်ရောက်မှုတစ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။ နွေခေါင်ခေါင်ရေချိုလျှာဒါန်းသော ထနောင်း၊ တမာ သစ်ရိပ်၊ ဝါးရိပ်အောက်မှ ရေချမ်းစင်လေးများ။ မြန်မာနိုင်ငံသားများ၏ ဖြူစင်ရိုးသားသော စေတနာပြယုဂ်ကောင်းများဖြစ်သည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသင်္ကေတတစ်ခုဟုလည်း ဆိုနိုင်သည်။

ထိုထိုသော စေတနာအကျိုး၊ ရေအကျိုးဆယ်ပါး မတောင်းဘဲ ပြည့်နေသည်ဟု ဆိုရမည့် မြန်မာနိုင်ငံတွင် ရေချိုမိုးများ နိုင်ငံအနှံ့မှာ သဲသဲမဲမဲ ရွာသွန်းနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ထိုသို့ သဘာဝရေပေါများလှသဖြင့် ရေရရှိရေးထက် ရေချိုကိုနည်းပညာဖြင့် စနစ်တကျရယူရေး၊ ထိန်းသိမ်းရေးအတွက်သာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး

အမေရိကန်ပြည်ထောင်စုမှ တရားသူကြီး ခေါင်းဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　　အောက်တိုဘာ　　၁

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် အမေရိကန်ပြည်ထောင်စုမှ တရားသူကြီး Diarmuid Fionntain O'Scannlain နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ် အဆင့်ဆင့်ပြောင်းလဲလာပုံ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ တရားသူကြီးများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ချက်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှင်းလင်းဆွေးနွေးပြီး အမေရိကန်ပြည်ထောင်စုမှ တရားသူကြီးနှင့်အဖွဲ့က အမေရိကန်နိုင်ငံ၏ တရားစီရင်ရေးစနစ်အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(အောက်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန်　အောက်တိုဘာ　၁

ရန်ကုန်	ရွှေဈေး	၆၉၃၅၀၀	-	၆၉၄၅၀၀
မန္တလေး	ရွှေဈေး	၆၉၃၅၀၀	-	၆၉၄၅၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၃. ၄
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၉
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၉၇၃
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၈. ၈၈
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၅၆၄
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၉၄. ၄၈
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၄၀၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၄. ၃၂
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၃. ၈၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



မြည်တွင်းရေးရာ

☆ နိုင်ငံတော်သမ္မတမှ

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သျှစ်သောင်း(ခေါ်) ရန်အောင်ဇေယျပုထိုးတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့သို့ ရောက်ရှိကြပြီး သမိုင်းဝင်မဟာမုနိဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကာ ရွှေသင်္ကန်းကပ်လှူပူဇော်သည်။

ယင်းနောက် မြို့နယ်ရှိ နဝရတ်ခန်းမ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု၊ မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဝင်များက ဝိုင်းဝန်းစဉ်းစားဆွေးနွေး၍ လိုအပ်သည်များကို အဆင့်ဆင့်တင်ပြဆောင်ရွက်သွားရန်လိုအပ်မှု၊ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန် တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို တင်ပြကြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မောင်တောခရိုင် မောင်တောမြို့သို့ ရောက်ရှိသည်။

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အတူတကွ ဝိုင်းဝန်းဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သျှစ်သောင်း(ခေါ်)ရန်အောင်ဇေယျပုထိုးတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြောက်ဦးမြို့တွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒုက္ခသည်များအတွက် လူနေအိမ်များ ပြန်လည်ဆောက်လုပ်ပေးထားမှုကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ညနေပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မောင်တောမြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် အတူတကွ ဝိုင်းဝန်းဆောင်ရွက်သင့်သည်များကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

❖ ခရီးလမ်းမှ

အသစ်ထုတ်လုပ်သော ကားစီးရေ၏ ၆၀ ရာခိုင်နှုန်းတွင် မော်တော်ယာဉ်အချင်းချင်း ဆက်သွယ်နိုင်မည့်နည်းပညာအသုံးပြုနိုင်ရန် ရည်မှန်းထားသည်။

ဘီအမ်ဒဗလျူကုမ္ပဏီနည်းတူ ကမ္ဘာ့ထိပ်တန်းမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများဖြစ်ကြသော ဖို့ဒ်နှင့် ဗော်လ်ဗိုကုမ္ပဏီများသည်လည်း မော်တော်ယာဉ်တစ်စီးနှင့် တစ်စီး ဆက်သွယ်နိုင်ရန် နည်းပညာသစ်ကို တီထွင်ဖော်ထုတ်လျက်ရှိသည်။

အကယ်၍ မော်တော်ယာဉ်တစ်စီးသည် အကွေ့အကောက်များသော လမ်းတစ်နေရာ၌ စက်ပျက်သွားပါက စက်ပျက်သွားသည့်ကားမှ မော်တော်ယာဉ်မောင်းက အခြားသောကားများကို အွန်လိုင်းဖြင့်သတိပေးကာ မတော်တဆမှုဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်သည်။ အရှိန်မြင့်မောင်းနှင်လာသောကားများ တစ်စီးနှင့်တစ်စီး ရှောင်ရှားနိုင်ရန်လည်းကောင်း၊ ရာသီဥတုဆိုးရွားချိန်နှင့် ယာဉ်အသွားအလာများပြားချိန်တို့တွင် မတော်တဆမှုမှ ကာကွယ်နိုင်ရန်လည်းကောင်း အွန်လိုင်းနည်းပညာကို အသုံးပြုနိုင်မည်ဖြစ်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"ဘဝနှင့်လောကကို အလှဆင်ပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တ အဂ္ဂသီရိ)		(အပိုင်း-၂၄)
၆း၂၀	**MRTV-**4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၉၀)	၈း၃၅	**MRTV-**4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၇၁)
၇း၁၅	**MRTV-**4 ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး"	၉း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းတရားနှင့်" (အပိုင်း-၇)

❁ ငြိမ်းချမ်းစွာမှ

လေးစားရပါသော ဘာသာရေးခေါင်းဆောင်ကြီးများခင်ဗျား-

ထိုကဲ့သို့သော လူမျိုးရေး၊ ဘာသာရေးပဋိပက္ခဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ဘာသာအသီးသီးမှ ဘာသာရေးခေါင်းဆောင်ကြီးများစုစည်းပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြသည့်အတွက် များစွာကျေးဇူးတင်ဝမ်းမြောက်မိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် အပြည့်အဝပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဘာသာကြီး ငါးခုတို့၏လူသားများအတွက် အဓိကရည်မှန်းချက်သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးပင် ဖြစ်ပါသည်။ အကယ်၍ ပဋိပက္ခ သို့မဟုတ် ပြဿနာတစ်ခုခုပေါ်ပေါက်လာလျှင်လည်း သစ္စာတရား၊ မေတ္တာတရား၊ ခန္တီတရားလက်ကိုင်ထား၍ ဖြေရှင်းကြရန် ဘာသာတရားတိုင်းတွင် လမ်းညွှန်ချက်ရှိပါသည်။ ဗုဒ္ဓဘာသာ၏ အဓိကဆုံးမမှုတစ်ခုမှာ မဖျိုမပဋိပဒါဆိုသည့် လူသားအားလုံး လောဘအစွန်း၊ ဒေါသအစွန်းသို့ မရောက်ကြဘဲ အလယ်လမ်းမှလျှောက်ရန် သွန်သင်ဆုံးမမှုဖြစ်ပါသည်။ ထို့ပြင် ငါ၊ ငါ့ဥစ္စာအစွဲကို ပယ်ဖျောက်ကြရန်နှင့် ငါစွဲကိုရှေ့တန်းတင်၍ ပြဿနာများကို ဖြေရှင်းလျှင် မည်သည့်ပြဿနာမျှ ပြေလည်နိုင်ကြမည်မဟုတ်ကြောင်းကိုလည်း ဒေသနာတော်များတွင် ဟောကြားဆုံးမထားပါသည်။ ထို့ကြောင့် မိမိတို့အားလုံးအနေဖြင့် အစွန်းရောက်သော အယူအဆများကို ရှောင်ရှားရန်လိုအပ်ပါသည်။

ဒီမိုကရေစီ၏ ရေသောက်မြစ်ဟုဆိုနိုင်သော တစ်ဦးတစ်ယောက်ချင်းစီ၏ လွတ်လပ်ခွင့်ဆိုသည်မှာ သူတစ်ပါးကို ထိခိုက်မှုမရှိစေဘဲ လွတ်လပ်ခြင်း၏အရသာကို အားလုံးခံစားနိုင်ရေးပင်ဖြစ်ပါသည်။ မိမိတို့ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လွတ်လပ်စွာကိုးကွယ်ခွင့်ကို နိုင်ငံသားများ၏ မူလအခွင့်အရေးအဖြစ် အာမခံချက်အပြည့်အဝဖြင့် ပြဋ္ဌာန်းပေးထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မွန်မြတ်သော လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုကို ခုတုံးလုပ်၍ အစွန်းရောက်အယူအဆများဖြင့် လုပ်ဆောင်ခြင်း၊ အမုန်းတရားကို တိုးပွားစေသည့် လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ခြင်းမပြုကြရန် လိုအပ်ပါသည်။

လေးစားရပါသော ဘာသာရေးခေါင်းဆောင်ကြီးများခင်ဗျား-

မိမိတို့နိုင်ငံကဲ့သို့သော တိုင်းရင်းသားပေါင်းစုံနှင့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ စုစည်းတည်ဆောက်ထားသောနိုင်ငံအနေဖြင့် နိုင်ငံသားအားလုံးပါဝင်သော ဒီမိုကရေစီစနစ်သာလျှင် နိုင်ငံတော်၏ရေရှည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အာမခံနိုင်မည်ဟု ယုံကြည်ပါသည်။ မိမိတို့အချင်းချင်း၏ မတူကွဲပြားမှုများကို လက်ခံအသိအမှတ်ပြုကြရန် လိုအပ်သကဲ့သို့ အမျိုးသားအကျိုးစီးပွားအတွက် အဆိုပါကွဲပြားသောအင်အားများကို စုစည်းပြီး ပေါင်းစည်းအင်အားအဖြစ် အသုံးချနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။ နိုင်ငံသားများအကြားတွင် သမိုင်းနှင့်ချီ၍ရှိခဲ့သော လူမှုရေးသဟဇာတဖြစ်မှု အစဉ်အလာကောင်းကို ထိန်းသိမ်းလျက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်သည့် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် ပြည်သူအားလုံးကို ကိုယ်စားပြုနိုင်သော မြန်မာ့အမျိုးသားရေး ကြန်အင်လက္ခဏာသစ်တစ်ရပ်ဖြစ်သည့် New National Identity ကို ကြိုးစားတည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ ကွဲပြားခြားနားမှုများရှိသော်လည်း ခွဲခြားဆက်ဆံမှုများပပျောက်သွားအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မတူကွဲပြားသော ဘာသာ၊ သာသနာ၊ ကိုးကွယ်မှုများနှင့် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ကွဲပြားမှုများအပေါ် အပြန်အလှန်နားလည်ရေး၊ သီးခြားတည်ရှိသော ရပိုင်ခွင့်များကို လေးစားရေး၊ ပဋိပက္ခအသွင်မဆောင်ရေးနှင့် သဟဇာတဖြစ်သော လူမှုအသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေးအတွက် အစိုးရနှင့်အတူ ရဟန်းရှင်လူပြည်သူလူထုတစ်ရပ်လုံးက လူမျိုးဘာသာသာသနာမခွဲခြားဘဲ တန်းတူရည်တူဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

●တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ

နှစ်ဦးနှစ်ဖက်ချစ်ကြည်ရင်းနှီးမှု ပိုမိုအားကောင်းလာအောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မှုနှင့် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်မှုတို့အတွက် ချီးကျူးဂုဏ်ပြုသောအားဖြင့် မလေးရှားဘုရင်မင်းမြတ်က Honourary Malaysian Armed Forces Order For Valour (First Degree) - Gallant Commander of Malaysian Armed Forces ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။ အလားတူ ဖိလစ်ပိုင်တပ်မတော်နှင့် ယူအေအီးတပ်မတော်မှ ဦးစီးချုပ်များကိုလည်း ဘွဲ့တံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။

ဘွဲ့တံဆိပ်ချီးမြှင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မလေးရှားဘုရင်မင်းမြတ်က မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်အား ဘွဲ့တံဆိပ်ပေးအပ်ပြီး ဆက်လက်၍ ဖိလစ်ပိုင်ဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ယူအေအီးဦးစီးချုပ်၊ ဖိလစ်ပိုင်ရေတပ်ဦးစီးချုပ်၊ ဘရူနိုင်းရေတပ်ဦးစီးချုပ်တို့အား ဘွဲ့တံဆိပ်ပထမအဆင့် အဆောင်အယောင်စလွယ်နှင့် အဆောင်အယောင်တံဆိပ်တို့အားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေအား Honourary Malaysian Armed Forces Order For Valour (Second Degree)- Gallant Commander of Malaysian Armed Forces ဘွဲ့တံဆိပ် ဒုတိယအဆင့်လည်ဆွဲနှင့် အဆောင်အယောင်တံဆိပ်တို့အား လည်းကောင်း တပ်ဆင်ပေးပြီး ဂုဏ်ပြုနှုတ်ဆက်သည်။

ဘွဲ့တံဆိပ်ပေးအပ်ပွဲ အခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား မလေးရှားနိုင်ငံဘုရင်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မလေးရှားဘုရင်မင်းမြတ်က ဘွဲ့တံဆိပ်ပထမအဆင့်အဆောင်အယောင်စလွယ်နှင့် အဆောင်အယောင် တံဆိပ်တို့အား တပ်ဆင်ပေးစဉ်။
(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသောPTTEP International Limited သည် မုတ္တမ ကမ်းလွန်လုပ်ကွက်အမှတ် M-9 ၌ ZPQ Topside Installation, Hook up and Commissioning လုပ်ငန်းများအား Accmmodation Barge PW NATUNA (Call Sig :3FJN3)ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် အောက်တိုဘာ ၁၅ရက်မှ ဒီဇင်ဘာ ၁၉ရက်နေ့အထိဆောင်ရွက်မည်ဖြစ်ပါသည်။

(က) Control Area Coordinates

Point	Latitude	Longitude
A	14°28' 07.009"N	96°05'38.488"E
B	14°17'20.950"N	96°13'42.427"E
C	14°11'24.788"N	96°13'44.308"E
D	13°56'44.891"N	96°49'01.765"E
E	14°01'45.602"N	96°43'52.400"E
F	14°15'01.498"N	96°44'21.156"E
G	14°28'29.411"N	96°58'34.642"E

(ခ)ZPQ Installation Site Coordinates

Point	Latitude	Longitude
ZPQ Location	14°11'27.8081"N	96°02'44.3173"E

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး၊ ငယ်များ၊ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ငါးဖမ်းခြင်း၊ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

***မြန်မာ-ဂျပန်မှ**

ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်ဟု ANA လေကြောင်းလိုင်း အုပ်ချုပ်ရေးနှင့် အရောင်းမန်နေဂျာ ဒေါ်ညိုညိုခိုင်က ပြောကြားသည်။

အဆိုပါ လေကြောင်းလိုင်းသစ်ပြောင်းလဲပြေးဆွဲသည့် အခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ မစ်ကီကို နာမာတာ (Mr.Mikio Namata) က "မြန်မာနိုင်ငံကို အလည်အပတ်လာရောက်တဲ့ ဂျပန်ခရီးသည်တွေမှာ ၂၀၁၁ ခုနှစ်က တစ်နှစ်ပတ်လုံးမှာ နှစ်သောင်းလောက်သာ ရှိခဲ့ပေမယ့် ၂၀၁၂ ခုနှစ်မှာဆိုရင် လေးသောင်းခုနစ်ထောင်အထိ ရှိလာခဲ့ပါတယ်။ ဒါကြောင့် ANA ကုမ္ပဏီက လူ ၄၀ လောက်သာ ဆံ့တဲ့ B-737 လေယာဉ်ကနေပြီး လူ ၂၀၀ ကျော်ဆံ့တဲ့ B-767 လေယာဉ်ကို ပြောင်းလဲလိုက်ပါတယ်။ ဒီလိုနေ့စဉ်ပြေးဆွဲတာ အင်မတန် အကျိုးသက်ရောက်မှုရှိပြီး ANA ရဲ့ လုပ်ဆောင်ချက်ကြောင့် ဂျပန်နဲ့ မြန်မာအကြားမှာ သွားလာတဲ့ခရီးသည် ပိုမိုများပြားလာလိမ့်မယ်လို့ ပိုမိုယုံကြည်ပါတယ်" ဟု ပြောကြားသည်။

ANA ကုမ္ပဏီလေကြောင်းလိုင်းသစ်ပြောင်းလဲပြေးဆွဲသည့် အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် အစိုးရဌာနမှ တာဝန်ရှိသူများ၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းမှ ဥက္ကဋ္ဌ ဦးစောလှမင်းတို့ တက်ရောက်ခဲ့ကြသည်။ B-767 လေယာဉ် စတင်ပြေးဆွဲသည့်နေ့တွင် ခရီးသည် ၇၀ ကျော် လိုက်ပါစီးနင်းခဲ့ကြရာ ဂျပန်-မြန်မာအသင်းမှ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လိုက်ပါသူအချို့လည်း ပါဝင်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်းကို လုပ်ကိုင်ခွင့်ရရှိရန်အတွက် မြန်မာအစိုးရနှင့်ညှိနှိုင်းဆွေးနွေးခွင့်မရရှိခဲ့သော်လည်း လေယာဉ်ပြေးဆွဲရေးဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးနှင့် အခြားကဏ္ဍများတွင်မူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ANA ကုမ္ပဏီမှ ရန်ကုန်-ဂျပန်လေကြောင်းလိုင်းကို ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ငါးနှစ်ကြာပြေးဆွဲခဲ့ပြီး ရပ်နားထားခဲ့ရာမှ ယမန်နှစ် အောက်တိုဘာလဆန်းတွင် ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။ ယခုပြေးဆွဲမည့် B-767 လေယာဉ်သည် ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ ည ၉ နာရီ ၄၅ မိနစ်တွင်နေ့စဉ်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ရဲခေါင်ညွန့် ၊ ဓာတ်ပုံ-ရဲထွဋ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည်။(အောက်ပုံ)

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နိုင်ငံတော်၏ အရ၊ အသုံးစာရင်းများကို စစ်ဆေးလျက်ရှိကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ စာရင်းစစ်အဖွဲ့များက စာရင်းများကို စစ်ဆေးလျက်ရှိရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ အားလုံးတို့၏ တူညီသော ရည်မှန်းချက်မှာ နိုင်ငံသူ နိုင်ငံသားအားလုံးတို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြခြင်းသာဖြစ်သည်ဟု ခံယူထားရမည် ဖြစ်ကြောင်း။

ခွဲဝေပေးထားသည့် နိုင်ငံတော်ဘဏ္ဍာငွေများ၊ ပြည်သူ့ဘဏ္ဍာငွေများကို မှန်ကန်စွာသုံးစွဲခြင်း၊ ရသင့်ရထိုက်သည့် ဘဏ္ဍာငွေများကို ရရှိအောင်ဆောင်ရွက်ခြင်းတို့ကို စာရင်းစစ်ဆေးပေးရခြင်းဖြစ်ကြောင်း၊ စာရင်းစစ်အဖွဲ့များကလည်း မှန်ကန်သော စာရင်းဇယားများ ဖော်ထုတ်ခြင်း၊ ထောက်ပြခြင်း၊ တည့်မတ်ပေးခြင်းတို့ကို ပြုလုပ်ပေးရန်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်းရှိ၊ မရှိကို စာရင်းစစ်ဆေး ဖော်ထုတ်ပေးရခြင်းဖြစ်ကြောင်း၊ စာရင်းစစ်ဆေးရသည့် လုပ်ငန်းတာဝန်ကို Procedure အတိုင်း ဆောင်ရွက်ရန်၊ စာရင်းစစ်များ၏ ကျင့်ဝတ်(Ethic)ကို လိုက်နာစောင့်ထိန်းရန်ဖြစ်ကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် စာရင်းစစ်ဆေးတွေ့ရှိမှုများကို ရှင်းလင်းဆွေးနွေးကြပြီး စာရင်းစစ်ဆေးတွေ့ရှိချက်များမှ သုံးသပ်ချက်များ ဖော်ထုတ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပို၍ပီပြင်စွာ၊ ရှင်းလင်းစွာ၊ ပွင့်လင်းထင်သာမြင်သာရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် မှတ်သားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သံတွဲမြို့နယ်၌ ဆူပူမှုအချို့ဖြစ်ပွား၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁

ရခိုင်ပြည်နယ် သံတွဲမြို့၌ စက်တင်ဘာ ၂၈ ရက်တွင် ဈေးဆိုင်တစ်ဆိုင်ရှေ့၌ သုံးဘီးဆိုင်ကယ်တစ်စီး ရပ်ထားသည်ကို ရင့်သီးစွာဆဲဆိုရာမှ အစပြု၍ ပြဿနာဖြစ်ပွားကာ စက်တင်ဘာ ၂၉ ရက် ညပိုင်းက နေအိမ်များဖျက်ဆီးမှု၊ မီးရှို့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက သေနတ်ပစ်ဖောက် လူစုခွဲခဲ့ရကြောင်း သိရသည်။

စက်တင်ဘာ ၃၀ ရက် ည ၈ နာရီခန့်တွင် သံတွဲမြို့ ဒွါရဝတီမြို့သစ်ရှိ ဓာတ်ဆီဆိုင်တစ်ဆိုင် မီးရှို့ဖျက်ဆီးမှုဖြစ်ပွားခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ည ၁၀ နာရီခန့်တွင် သံတွဲမြို့ ကျော်တောင် (၅) ရပ်ကွက်ပိတောက်ရွှေဝါလမ်းရှိနေအိမ်တစ်လုံးအား မီးရှို့ခံရပြီး ည ၁၁ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ အလားတူ သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာ၊ မန်းကျည်းချောင် ကျေးရွာတို့တွင် မီးရှို့မှုအချို့ ဖြစ်ပွားခဲ့ပြီး နေရာအချို့၌ ခိုက်ရန်ဖြစ်ပွားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင်လည်း သံတွဲမြို့နယ်အတွင်း နေရာအချို့တွင် မငြိမ်မသက်ဖြစ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဈေးဆိုင်ခန်းများလည်း ပိတ်ထားကြကြောင်း၊ တာဝန်ရှိသူများက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြဿနာများ ဆက်လက်ကြီးထွားမှု မရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်များ၊ လုံခြုံရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ပဋိပက္ခများတွင် ပါဝင်မှုမရှိရေး၊ ဆူပူမှုဖန်တီးသူများအား ကူညီဖော်ထုတ်သတင်းပေးပို့ရေး ဆောင်ရွက်ကြပါရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တပ်မတော်လေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းပြီး ပြန်လည်ဆင်းသက်စဉ် ပြေးလမ်းပေါ်၌ ရပ်တန့်မှုဖြစ်ပွားခဲ့သဖြင့် မင်္ဂလာဒုံလေဆိပ် လေယာဉ်ပြေးလမ်း ခေတ္တပိတ်ခဲ့ရ

နေပြည်တော် အောက်တိုဘာ ၁

တပ်မတော်လေယာဉ်တစ်စင်းသည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက လေ့ကျင့်ပျံသန်းပြီးကွင်းသို့ ဆင်းသက်စဉ် ပြေးလမ်းပေါ်၌ ရပ်တန့်မှုဖြစ်ပွားခဲ့သဖြင့် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ပြေးလမ်း ခေတ္တပိတ်ခဲ့ရကြောင်း သိရသည်။

နံနက် ၁၁ နာရီ၁၅ မိနစ်ခန့်တွင် တပ်မတော်လေယာဉ်သည် လေ့ကျင့်ပျံသန်းပြီး ကွင်းသို့ပြန်လည်ဆင်းသက်စဉ် အရှိန်ထိန်းလေထီးမပွင့်သဖြင့် လေယာဉ်အင်ဂျင်စက်အား ရပ်လိုက်ရမှုကြောင့် လေယာဉ်ပြေးလမ်းအလယ်တွင် ရပ်တန့်သွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ခရီးသည်လေယာဉ် သုံးစင်းမှာ သတ်မှတ်ချိန်တွင် ထွက်ခွာနိုင်ခြင်းမရှိဘဲ မိနစ် ၃၀ ခန့် နောက်ကျသွားခဲ့ကြောင်းသိရသည်။

တပ်မတော်လေယာဉ်အား တပ်မတော်(လေ)မှ လေယာဉ်ဆွဲကားဖြင့် လာရောက်ဆွဲယူသွားခဲ့ပြီးနောက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် လေယာဉ်ကွင်းအား ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒီမိုကရေစီအနှစ်သာရများအား မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံး စိတ်ချမ်းသာစွာ ခံစားနေပြီဖြစ်

၁၅-၉-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တင်ပြသည့်စာတမ်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဖြစ်သည်။ ဒီမိုကရေစီသာလျှင် ကမ္ဘာသူ ကမ္ဘာသားတို့အား ကောင်းချီးပေးသော နိုင်ငံရေးစနစ်ဖြစ်သည်။သက်ဦးဆံပိုင်ဘုရင်စနစ်မှသည် လူထုအားဒုက္ခပေးသော အာဏာရှင်စနစ်ဆိုးများအား အသက်ပေါင်းများစွာ စတေးပြီး ဆန့်ကျင်ဖယ်ရှားပြီးမှ ဒီမိုကရေစီအရောက်တက်လှမ်းနိုင်သော နိုင်ငံများရှိသကဲ့သို့ ယနေ့အထိအသက်ပေါင်းများစွာ စတေးခံဆဲ ဒီမိုကရေစီကို တက်လှမ်းနေဆဲနိုင်ငံများလည်း တွေ့နေရဆဲဖြစ်သည်။

မိမိတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံသို့ တက်လှမ်းနေသည်မှာ ယနေ့ဆို (၃)နှစ်မြောက်ကာလအတွင်းသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သက်တမ်းအားဖြင့် နုနယ်သည်ဟု ထင်ရသော်လည်း ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများသည် ကမ္ဘာကအံ့သြရလောက်အောင် အရှိန်မြင့်စွာ ပြုပြင်ပြောင်းလဲနေပြီး ဒီမိုကရေစီအနှစ်သာရများအား မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံး စိတ်ချမ်းသာစွာ ခံစားနေပြီဖြစ်သည်။ ၎င်းအပြင် ပြည်သူတို့အား ဗဟိုပြုခြင်း၊ ပွင့်လင်းမြင်သာခြင်းတို့ကိုလည်း တွေ့ရှိနေရပြီ ဖြစ်သည်။

သက်တမ်းအားဖြင့် နုနယ်ပြီး အချိန်တိုကာလအတွင်း ပြုပြင်ပြောင်းလဲမှုသည်လည်း အတိုင်းအတာတစ်ခုအထိ လက်ခံရမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ပြုပြင်ပြောင်းလဲမှု အလိုရမ္မက်ကြီးခြင်းနှင့် ဆန္ဒစောပြီး လူထုအား ဗဟိုပြုခြင်းနှင့် ပွင့်လင်းမြင်သာခြင်း အကြောင်းပြုပြီး တရားဥပဒေစိုးမိုးမှုကို မျက်ကွယ်ပြုကာ လူထုဆန္ဒဖော်ထုတ်ခြင်းဖြင့် ထိပ်တိုက်ရင်ဆိုင်မှုများကြောင့် ကြေးစင်တောင်ပဋိပက္ခ၊ ရခိုင်ပြည်နယ် ပဋိပက္ခ၊ မိတ္ထီလာ ပဋိပက္ခတို့ ဝမ်းနည်းဖွယ်ရာဖြစ်ခဲ့ရပါသည်။ လူထုအား ဗဟိုပြုခြင်း၊ ပွင့်လင်းမြင်သာခြင်းတို့အား အခွင့်ကောင်းယူ၍ ထိပ်တိုက်ရင်ဆိုင်ခြင်းတို့သည် ဒီမိုကရေစီ၏အနှစ်သာရမဟုတ်ပါ။

အချိန်တိုအတွင်း လူ့အရင်းအမြစ်များ၊ ငွေအရင်းအနှီးများ စုစည်း၍ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်အောင် အသုံးပြုရမည့်အစား ပဋိပက္ခအတွင်း ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနေရသဖြင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးရည်မှန်းချက်သို့ မရောက်ရှိဘဲ သံသရာလည်နေမည်ဖြစ်ပါသည်။ ဆင်းရဲမှုကြောင့် ဒီမိုကရေစီ ဆိတ်သုဉ်းသွားနိုင်သည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များသည် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ပြီး ပြည်သူလူထုဆန္ဒဖော်ထုတ်ပေးရသော နေရာဖြစ်ကြောင်းနှင့် လွှတ်တော် ပြင်ပက ဆန္ဒဖော်ထုတ်ပါကလည်း နိုင်ငံတော်အစိုးရ၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြစ်ရမည်ဟု မိမိတို့ပါတီမှခံယူထားပါသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများအား ချုပ်ငြိမ်းသည်အထိ နိုင်ငံရေးနည်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နေသည်မှာ အားရစရာဖြစ်ပါသည်။ တိုင်းပြည်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာလျှင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု အလုံးအရင်းဖြင့် လူတိုင်းအလုပ်အကိုင်ရရှိပြီး တိုင်းပြည်တိုးတက်မည် ဖြစ်ပါသည်။ တိုင်းပြည်တိုးတက်မှသာလျှင် ဒီမိုကရေစီအနှစ်သာရကို ရရှိခံစားရမည်ဖြစ်ပြီး မိမိတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်လည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အား ဂုဏ်ပြုသောအားဖြင့် ပြုစုတင်ပြအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီး (၄၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ရဲစခန်းများတွင် ပြည်သူ့ဆန္ဒဝန်ဆောင်မှုပေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်ကို သိရှိရကြောင်း၊ ယခုလိုနွေးထွေးမှုနှင့် ဝန်ဆောင်မှုပေးခြင်းများကြောင့် ပြည်သူများ၏ အမြင်ကြည်လင်မှု၊ အားကိုးလိုမှု၊ မိမိတို့၏ နစ်နာမှုများကို ပွင့်ပွင့်လင်းလင်း ပြောပြနိုင်မှုများ ရရှိလာမည်ဖြစ်ပြီး ရဲတပ်ဖွဲ့အပေါ် ချစ်ခင်အားကိုးလိုစိတ်များဝင်လာမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များတွင် ဖြစ်စဉ်တစ်ခု ဖြစ်ပွားပါက သက်ဆိုင်ရာတာဝန်ရှိသူများသည် အခင်းဖြစ်ပွားသောနေရာအား အမြန်ဆုံးရောက်အောင်သွားကြရန်လိုအပ်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်သည့် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် အောင်မြင်အောင် အကောင်အထည်ဖော်ကြရန်လိုကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားပြည်သူများဖြစ်၍ ပြည်သူ့အကျိုးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သူများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ သစ္စာရှိရှိ၊ သမာဓိတည်ကြည်စွာဖြင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် မိမိကိုယ်မိမိ စောင့်ရှောက်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်ကြံ့ခိုင်စေသော အုတ်မြစ်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုရ တပ်ဖွဲ့ဝင်လေးဦးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက နေအိမ်လိုင်းခန်းဂုဏ်ပြုဆုရ တပ်ဖွဲ့ဝင်များ၏ ဇနီးများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို နံနက်ပိုင်းတွင် လှိုင်မြို့နယ် IBC ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ အလွန်အရေးပါသည့် သက်ကြီးရွယ်အိုများ "ကျန်းမာတက်ကြွသည့် သက်ကြီးဘဝ" ရရှိခံစား၊ စံစားနိုင်အောင် ဝိုင်းဝန်းမြှင့်တင်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက အဘိုး အဘွားများအား လှူဖွယ်ပစ္စည်းများပေးအပ်လှူဒါန်းကြပြီး ဘိုးဘွားရိပ်သာ ၁၄ ခုအတွက် ငွေကျပ် ၁၈ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အလှူရှင်များ၏ လှူဒါန်းငွေနှင့် ပစ္စည်း စုစုပေါင်းမှာ ငွေကျပ် ၄၀ ဒသမ ၉၀ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံတမန်အဆက်အသွယ် တိုးတက်ထူထောင်နိုင်

နေပြည်တော် အောက်တိုဘာ ၁

မြန်မာနိုင်ငံတွင် အစိုးရသစ်တာဝန်မယူမီက ပြည်ပနိုင်ငံများနှင့် သံတမန်ဆက်သွယ်မှု ထူထောင်သည့် နိုင်ငံပေါင်း ၁၀၃ နိုင်ငံရှိခဲ့သည်။ ယခုအခါ ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ၊ မာလာဝီသမ္မတနိုင်ငံ၊ ဘူတန်နိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ လတ်ဗီးယားနိုင်ငံ၊ အက်စ်တိုးနီးယားသမ္မတနိုင်ငံ၊ အိုက်စလန်သမ္မတနိုင်ငံ၊ အာမေးနီးယားသမ္မတနိုင်ငံနှင့် အင်ဂိုလာသမ္မတနိုင်ငံတို့နှင့် သံတမန်အဆက်အသွယ် တိုးတက်ထူထောင်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံချင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရာ၌ ပိုမိုတိုးတက်အောင်မြင်သည့် အကျိုးကျေးဇူးများရရှိရန်အတွက် လစ်သူယေးနီးယားသမ္မတနိုင်ငံ သံတမန်ဆက်သွယ်ထူထောင်ခြင်းနှင့် ပတ်သက်၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

လစ်သူယေးနီးယားသမ္မတနိုင်ငံသည် လက်ရှိတွင် အီးယူ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများအကြား သံတမန်အဆက်အသွယ်ထူထောင်ပြီးသည့် နိုင်ငံစုစုပေါင်းသည် ၁၁၅ နိုင်ငံရှိလာမည်ဖြစ်ကြောင်း သိရသည်။

(ဝဝ၉)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေထိန်းသိမ်းစို့

ပုသိမ်ကောလိပ် ရူပဗေဒမိသားစု ပထမအကြိမ်

အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကျင်းပရန်

ကြိုတင်ညှိနှိုင်းစည်းဝေးပွဲဖိတ်ကြားခြင်း

ပုသိမ်ကောလိပ် ရူပဗေဒဌာနတွင် ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၁၊ ၁၉၈၂၊ ၁၉၈၃ ခုနှစ်များ၌ နောက်ဆုံးနှစ်အတန်းများသို့ တက်ရောက်သင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ကျင်းပပြုလုပ်လိုပါသောကြောင့် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကြိုတင်ညှိနှိုင်းစည်းဝေးပွဲသို့ ကြွရောက်ပေးကြပါရန် ခင်မင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ - Western Park Royal Restaurant(ကန်တော်ကြီး)
အချိန် - နံနက် ၉ နာရီ
နေ့ရက် - ၅-၁၀-၂၀၁၃ ရက် (စနေနေ့)

ဆက်သွယ်နိုင်ပါရန်-(၁၉၇၉)ဒေါ်ပေါ့ပေါ့ ဖုန်း-၀၉၅၀၁၄၁၆၆၊ (၁၉၈၀) ဦးမြင့်သိန်း (ချန်ပီယံပေါ်ဆန်းမွှေး) ဖုန်း-၀၉-၅၀၁၆၁၆၄၊ (၁၉၈၁) ဦးမြင့်နိုင် ဖုန်း-၀၉၇၃၁၅၆၄၅၀၊ ဒေါ်စန္ဒာရင် ဖုန်း-၀၉၅၁၁၁၀၃၅၊ ဦးမြင့်သန်း ဖုန်း-၀၉၃၁၁၃၅၇၇၉၊ (၁၉၈၂) ဦးခိုင် ဇင်ဝင်း ဖုန်း-၀၉၅၁၁၈၇၁၄၊ (၁၉၈၃) ဦးထွန်းအေး(ရွှေယမုံ) ဖုန်း-၀၉၅၀၁၆၀၂၅



ခေါင်းမာကြသူများ

မောင်မောင် (ယထ)

> ❝ နိုင်ငံအတွက် လူသားအရင်းအမြစ်များ အလိုအပ်ဆုံးဖြစ်နေချိန်တွင် လူသားအရင်းအမြစ်များ ပြုန်းတီးဆုံးရှုံးနေရ၏။ နှမြောစရာကောင်းလှ၏။ လူတိုင်း သူ့တန်ဖိုးနှင့်သူရှိ၏။ အဖြေရှာကြရမည်။ ကျွန်တော်အဖြေရှာကြည့်၏။ ဟော -- အဖြေတွေ့ပါပြီ။ ရောမ၊ ခေါမခေတ် သူရဲကောင်းများ သံခေါင်းစွပ် (သံဦးထုပ်) လေးလေးကြီးကို ဆောင်းထား၏။ စစ်သည်များ သံခမောက်ဆောင်းခဲ့၏ ...

၁၊ ၇၊ ၂၀၁၃ ရက်နေ့ MRTV-4 ပြည်တွင်းသတင်းတွင် မန္တလေးယာဉ်စည်းကမ်းထိန်းသိမ်းမှုအခြေအနေ သတင်းကိုထုတ်လွှင့်သွားပါသည်။ ယာဉ်ထိန်းတာဝန်ခံက မန္တလေးမြို့သည် ယခင်က စက်ဘီးမြို့တော်ပါ။ ယခုအခါ စက်တပ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် စက်ဘီးများရောထွေးယှက်တင်နေပြီး ဆိုင်ကယ်စီးရေက အနိုင်ရသွား၍ ဆိုင်ကယ်မြို့တော်ကြီးဖြစ်သွားပြီ။ ယာဉ်ထိန်းအင်အား ၃၀၀ ရှိ၏။ ယာဉ်ထိန်းတစ်ဦးလျှင် မော်တော်ယာဉ်အစီး ၂၀၀ ခန့်နှင့် မော်တော်ဆိုင်ကယ် အစီး ၁၅၀၀ ခန့်ကို ထိန်းကျောင်းနေရသည်။ မီးပွိုင့်များတွင် လော်စပီကာတပ်ဆင်၍ ယာဉ်ထိန်းရဲမေ၏အသံဖြင့် ယာဉ်မတော်တဆဖြစ်ပွားမှုအခြေအနေ၊ ဖြစ်စဉ်များ၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ ဒဏ်ရာရသူဦးရေ၊ သေဆုံးသူဦးရေတို့ကို ကြေညာပေးသည်။

ထို့ထက် လမ်းအသုံးပြုသူ များအပျင်းလည်းပြေ၊ ပညာလည်းပေး သတိပေးနှိုးဆော်ရာ ရောက်အောင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း တေးသီချင်းများကိုလည်း တစ်လှည့်စီဖွင့်ပေး၏။ ဤသို့တာဝန်ခံ က ဆန်းသစ်တီထွင် ဆောင်ရွက်ထားရှိကြောင်း တင်ပြ၏။ ယာဉ်မတော်တဆ ဖြစ်ပွားမှု မှုခင်းများ ယခင်ကထက် ကျဆင်းမှုရှိ၏။ မန္တလေးတွင် ရန်ကုန်မြို့ကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုမရှိကြောင်းတင်ပြ၏။ သို့သော် လမ်းအသုံးပြုသူများမှာ စည်းကမ်းလိုက်နာမှုအားနည်းနေ၏။ ယာဉ်ထိန်းတစ်ဖွဲ့တည်းဖြင့် ရာနှုန်းပြည့်အောင်မြင်မှုရရှိရန် မလွယ်ကူ။ မိဘပြည်သူများကပါ ပူးပေါင်းပါဝင်ရန် လိုအပ်ပြီး ယာဉ်အန္တရာယ်စုပေါင်းကာကွယ်ကြပါရန်၊ စည်းကမ်းလိုက်နာကြပါရန် တင်ပြဆွေးနွေး၏။

ပြည်သူတစ်ဦးကလည်း ဆွေးနွေးသည်။ သူတို့မန္တလေးတွင် ဆိုင်ကယ်အလွန်ပေါများသည်။ မှိုလိုပေါက်နေသည်။ မီးပွိုင့်ရှိအသံချဲ့စက်ကအသံကိုလည်း နားဆင်ကြ၏။ ယာဉ်ထိန်းကလည်း မနက် ၆ နာရီမှ မနက် ၁၀ နာရီအထိသာရှိတတ်၏။ လမ်းတစ်လျှောက် ဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးလာသူများသည် မီးပွိုင့်နီးလာမှဦးထုပ်ကောက်ဆောင်းကြသည်။ မီးပွိုင့်ကျော်လွန်သွားသည်နှင့် ဦးထုပ်ကိုချွတ် ဆိုင်ကယ်ရှေ့တပ်ဆင်ထားသည့်ခြင်းအတွင်းသို့ပစ်ထည့်ကာ ဆက်လက်မောင်းနှင်သွားတတ်၏။ ယာဉ်ထိန်းရှိသည့်မီးပွိုင့်နေရာတွင်သာ ဦးထုပ်ဆောင်းသည်ဟု ဆိုလိုသည်။

သူတို့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများကို ကောင်းစွာသိရှိထားပြီးသူများဖြစ်ကြ၏။ သို့သော် လိုက်နာမှုအလွန်အား နည်းကြ၏။ အလွန်ပေါများသော မော်တော်ဆိုင်ကယ် များ၏ ဦးဆောင်မှုနောက်သို့ မော်တော်ယာဉ်များက ကောက်ကောက်ပါလိုက်ပါနေရ၏ဟူ၍ ဆွေးနွေး၏။

သို့ဖြင့်ဆိုခဲ့ပါ ယာဉ်ထိန်းအားနည်းနေပြီး စက်တပ်ယာဉ်နှင့်ဆိုင်ကယ်အင်အားက အဆမတန်များနေသဖြင့် ယာဉ်ထိန်းသည် “ ဘဲအုပ်ကတစ်ရာ၊ နှစ်ရာ၊ မဖေဒါက တစ်ပင်တည်း အယက်အကန်ခံလို့ ဖေဒါပျံ့အံ့ကိုခဲ-- ပန်းပန်လျက်ပဲ--၊” ပုလဲမျက်ရည် မကျဘဲ၊ ပန်းပန်လျက်ပဲဆို၍ တော်သေးသည်။ ရန်ကုန်ကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုမရှိသေးဟုဆိုသဖြင့် ပို၍တော်သေး၏။ ဗန်ကောက်မြို့က ယာဉ်ထိန်းများသည် လမ်းပေါ် စက်တပ်ယာဉ်များ သိပ်သည်းထူထပ်လွန်းကာ လေထုညစ်ညမ်းလွန်းနေ၍ အောက်ဆီဂျင်ပြေးပြေးရှူနေကြရ၏ဟုဆို၍ သူတို့နှင့်စာလျှင် မန္တလေးယှဉ်သာအောင်တော်သေး၏ဟုဆိုရမည်။

နောက်သတင်းတစ်ရပ်မှာ သတင်းစာများတွင် နေ့စဉ်မပါမဖြစ်ပါနေကျ မော်တော်ဆိုင်ကယ်မတော်တဆဖြစ်ပွားမှုသတင်းပါ။ ၈၊ ၇၊ ၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၉) တွင်ပါသည့် “အရှိန်လွန်ဆိုင်ကယ်တိမ်းမှောက်၊ ဆိုင်ကယ်စီးလာသူသုံးဦးစလုံး သေဆုံး” ခေါင်းစဉ်ပါသတင်း။

ဆိုင်ကယ်စီးသုံးဦးအပေါ် ကြေကွဲဝမ်းနည်း၊ စိတ်မချမ်းသာခြင်း၊ နှလုံးမသာယာခြင်း ဒေါမနဿ။ ထိတ်လန့်အံ့ဩသံဝေဂဝေဒနာများခံစားရမိပါသည်။ အကြောင်းမူ သူတို့သည် အရွယ်ကောင်းလေးများဖြစ်ကြ၏။ သို့သော် ခေါင်းမာသူများဖြစ်ကြသည်။ ပြောဆိုဆုံးမရခက်ခဲ၊ အယူအဆ အစွဲအလမ်းကြီး. . . ဆို သည့် ခေါင်းမာသူများ၊ “ဦးထုပ်မဆောင်းလည်း ဘာမှမဖြစ်၊ အပိုအလုပ်၊ အလုပ်ရှုပ်တယ်” ဟူသော အစွဲအလမ်းကြီးကြပါ၏။

ခန္ဓာကိုယ်အစိတ်အပိုင်းတို့တွင် ဦးခေါင်းသည် အရေးအကြီးဆုံး။ အသိစိတ်ဦးခေါင်းက ရှေ့ဆောင်လုပ်ရှားလုပ်စားကြရ၏။ အသိပညာ၊ အတတ်ပညာများသည် ဦးခေါင်းမှ ပေါက်ပွားလာသော လူတန်းစားကွာဟမှုကို သူကလုပ်ပေး၏။ ဤသည်ကို အများအသိ။

သို့သော် ဦးခေါင်းသည် လက်ဝှေ့လက်သီးဒဏ်၊ ဘောလုံးခေါင်းတိုက်၊ ဘောလုံးထိမှန်ဒဏ်တို့ကိုသာ ခံနိုင်ရည်ရှိ၏။ အမာခံရုပ်ဝတ္ထုများနှင့် ပထဝီကမ္ဘာမြေကြီးတို့ကို သူ့ခေါင်းနှင့် အရှိန်ပြင်းပြင်း ပြေးတိုက်နိုင်လောက်အောင်မာနိုင်ပါ့မလား။ အမာခံများက အရှိန်ပြင်းတိုက်လျှင်ကော၊ ဆိုင်ကယ်၏ သဘာဝကိုလည်း ကြည့်ပါဦး။ “နှစ်ဘီးထောင်”စက်ဘီး၊ ဆိုင်ကယ်တို့သည် အင်နားရှား (Inertia) သဘောအရ ပြင်ပအားကို မသုံးသမျှ၊ သူ့နေမြဲနေလိုသည့် သတ္တိရှိနေသည်။ နင်းမနေ၊ မောင်းမနေသမျှ သူ့နေမြဲသဘာဝသတ္တိအရ တုံးလုံးသာလှဲနေချင်သည်။ ရပ်ထားလျှင် ဒေါက်ထောက်ရသည်။ ခြေထောက်ဖြင့် ထောက်ထားရသည်။ သို့မဟုတ်မူ တုံးလုံးလှဲပစ်လိုက်မှာပါ၊ ပေါ့ဆလျှင် သူနှင့်အတူကိုယ်ပါအချိန်မရွေး တုံးလုံးလဲသွားမှာပါ။

သတ်မှတ်လုံခြုံစိတ်ချခိုင်ခံ့သည့် ဆိုင်ကယ်စီးဦးထုပ်စစ်စစ်ကိုသာ ဆောင်းရန်။ မေးသိုင်းကြိုး လုံခြုံခိုင်ခံ့ မြဲမြံအောင်တပ်ရန်၊ အကြိမ်ကြိမ်အထပ်ထပ် သာဓကများဝေဝေဆာဆာ သီကာပတ်ကုံးဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲများတွင် ဟောပြောဆောင်ရွက်ခဲ့ဖူး၏။ သို့သော်ငြားလည်း ဦးထုပ်ဆောင်းရန် အားနည်းခဲ့ကြပါ၏။

ဆိုင်ကယ်တွင် မော်တော်ယာဉ်များမှာကဲ့သို့ အမိုးအကာလုံခြုံစွာပါပါ၏လော။ ဆိုင်ကယ်စီးဦးထုပ် (Safety Helmet)သည်သာလျှင် ဆိုင်ကယ်စီးသူများအတွက် အမိုးအကာဖြစ်၏ဟုဆိုပါလျှင် မမှားနိုင်ပါ။

ဆိုင်ကယ်မတော်တဆမှုကြောင့် သူတို့မသွားချင်ဆုံးနေရာလောကကြီး၏အပြင်သို့ ထာဝရထွက်ခွာသွားကြရရှာသည်။ ထိုသူများအနက် ၉၉ ဒသမ ၉၉ ရာခိုင်နှုန်းသည် ဆိုင်ကယ်စီးဦးထုပ် စနစ်တကျဆောင်းခြင်းမရှိကြောင်း လေ့လာသုံးသပ်တွေ့ရှိရသည်ဟု သိရပါသည်။

ဤကိစ္စ အလွန်အရေးကြီးပါသည်။ နိုင်ငံအတွက် လူသားအရင်းအမြစ်များ အလိုအပ်ဆုံးဖြစ်နေချိန်တွင် လူသားအရင်းအမြစ်များ ပြုန်းတီးဆုံးရှုံးနေရ၏။ နှမြောစရာကောင်းလှ၏။ လူတိုင်းသူ့တန်ဖိုးနှင့်သူရှိ၏။ အဖြေရှာကြရမည်။ ကျွန်တော်အဖြေရှာကြည့်၏။ ဟော -- အဖြေတွေ့ပါပြီ။

ရောမ၊ ခေါမခေတ်သူရဲကောင်းများ သံခေါင်းစွပ် (သံဦးထုပ်) လေးလေးကြီးကို ဆောင်းထား၏။ စစ်သည်များ သံခမောက်ဆောင်းခဲ့၏။ ပြိုင်မြင်းစီးသူများ၊ ပြိုင်စက်ဘီး၊ ပြိုင်ဆိုင်ကယ်စီးသူများ၊ အမိုးအကာလုံခြုံသည့် ပြိုင်ကားမောင်းသူများအားလုံး Safety Helmet လုံခြုံစိတ်ချဘေးကင်းသည့် ဦးထုပ်များ မဖြစ်မနေဆောင်းရန် အကျင့်လုပ်ထား၏။ အကျင့်ပါကြ၏။ အကျင့်ပါသွားဖို့လိုပါ၏။

နယ်ဒေသများတွင် ဆိုင်ကယ်ဖြင့်စီးပွားရေးအလို့ငှာ အခကြေးငွေရယူလျက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည်။ ဆိုင်ကယ်ကယ်ရီများဟု ခေါ်ကြ၏။ သူတို့တင်ဆောင်ခဲ့သည့်ခရီးသည်တို့ကို ဆိုင်ကယ်စီးဦးထုပ်များ ဆောင်းဖို့ထုတ်ပေးပါသလား၊ ဦးထုပ်များအဆင်သင့်ဆောင်ထားပါသလား၊ စနစ်တကျဆောင်းခြင်းရှိ၊ မရှိစစ်ဆေးပါသလား၊ သူကကောဆောင်းပါသလား။ မတော်တဆမှုဆိုသည်မှာ အချိန်မရွေးတတ်ပါ။ မတော်တဆမှု ဆိုသည်ကား မရည်ရွယ်ဘဲ အမှုမဲ့အမှတ်မဲ့ဖြစ်သည်ကို ဆိုလို၏။ မရည်ရွယ်ဘဲဖြစ်တတ်၏။

မြန်မာပြည်တစ်နံတစ်လျားရှိ မော်တော်ဆိုင်ကယ်အရေအတွက်သည် ဆိုင်ကယ်စီးဦးထုပ်အရေအတွက်နှင့် မနှိုင်းယှဉ်လောက်အောင်များပြားနေသည်ဟု ထင်ပါ၏။ ခေတ်မီစစ်မှန်သော သတ်မှတ်ဆိုင်ကယ်စီးဦးထုပ်များကို ပေါပေါများများ သက်သက်သာသာထုတ်လုပ်၍ အကြားအလပ်မရှိ နေရာအနှံ့ဖြန့်ဖြူးရောင်းချပေးလျှင် အလွန်ကောင်းသည့် အစီအစဉ်ဟုအကြံပြုပါရစေ။

ဆိုင်ကယ်မောင်းသူများ၊ နောက်ထိုင်စီးသူများ ဦးထုပ်ဆောင်းရန်အပြန်အလှန်သတိပေးရမည်။ အိမ်က တစ်ယောက်တည်းထွက်လျှင် အိမ်ကလူက စောင့်ကြည့်သတိပေးရန်၊ လမ်းရောက်လျှင် ဆိုင်ကယ်ရှေ့တပ်ဆင်ထားသည့်ခြင်းတောင်းအတွင်း ဦးထုပ်မထည့်မိစေရန်၊ “ဦးထုပ်မထည့်ရ၊ ဆောင်းထားပါ”ဟူ၍ သတိပေးစာကပ်ထားရန် အကြံပြုပါရစေ။ သို့မှသာ အကျင့်ကောင်းများတစ်စတစ်စ ပါသွားနိုင်ပါမည်။

သတင်းသမားများအနေဖြင့် ဆိုင်ကယ်မတော်တဆမှုဖြစ်စဉ်သတင်းအချက်အလက်များ ဖော်ပြရာတွင် ဒဏ်ရာရသည့်နေရာများ၊ ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင်ရှိ၊ မရှိ ပါ၊ မပါ သာမက ဆိုင်ကယ်စီးဦးထုပ်စစ်စစ်ပါ၊ မပါ၊ ဆောင်း၊ မဆောင်း ဖြစ်ကတတ်ဆန်းဦးထုပ်လား၊ မေးသိုင်းကြိုးစနစ်တကျတပ်ဆင်ခြင်းရှိ၊ မရှိ စသည့် ဦးထုပ်ဆိုင်ရာအချက်အလက်များ မဖြစ်မနေဦးစားပေး မပျက်မကွက်ပြည့်စုံစွာဖော်ပြပေးသင့်ကြောင်း အကြံပြုပန်ကြားလိုပါ၏။ သို့မှသာ အသက်ပေး၍ သင်ခန်းစာပေးသွားရှာသူများထံမှ သင်ခန်းစာများရနိုင်ကြပါမည်။ ခန္ဓာကိုယ်အခြားအစိတ်အပိုင်း ရရှိဒဏ်ရာများထက် ဦးခေါင်းဒဏ်ရာက မုချဧကန်ခရီးနီးပါသည်။ တမလွန်ခရီးရောက်ပါမည်။

သို့ဖြင့် ဆိုင်ကယ်နှင့် ပတ်သက်သူမှန်သမျှ ဆိုင်ကယ်ဦးထုပ်စနစ်တကျဆောင်းရန်အတွက် ရုပ်ပိုင်းဆိုင်ရာ ခေါင်းမာသူများ၊ စိတ်ပိုင်းဆိုင်ရာ ခေါင်းမာသူများ မဖြစ်စေဘဲ ဦးခေါင်းထိခိုက်မှုဘေးအန္တရာယ်ကာကွယ်ရန် ဦးထုပ်ဆောင်းကျင့် အကျင့်ပါသူများ ဖြစ်ကြပါစေဟူ၍ ဆန္ဒပြုဆုတောင်းလိုက်ပါရစေ ခင်ဗျာ။ ။

ဥတုရာသီ တောကိုမှီ၏

◆ကျောဖုံးမှ

သံတမန်ဆက်သွယ်မှုထူထောင်ရေးအတွက် အတည်ပြု ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာအပိုင်း(၂၊ ၃)တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက မြေသိမ်းမှုပြဿနာများကို သတ်မှတ်ကာလအတွင်း ဥပဒေနှင့်အညီ ပြည့်စုံသော၊ မှန်ကန်သော၊ အရည်အချင်းရှိသော သက်သေခံချက်များဖြင့် တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်းများကို နေ့စဉ်နှင့်အမျှ လုပ်ငန်းတာဝန်များ မည်မျှပင်များပြားစေကာမူ လက်ငင်း အဓိကအရေးကြီး လုပ်ငန်းတာဝန်များအဖြစ် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့်နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံးတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟို ကော်မတီကချမှတ်ထားသည့် မူဝါဒဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် အထူးအလေးထား ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် တင်ပြခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က စုံစမ်းရေးကော်မရှင်၏ သုံးသပ်တင်ပြချက်အရ စီမံကိန်းအတွက် သိမ်းဆည်းခဲ့သော မြေဧရိယာများအတွက် ကာလပေါက်ဈေးနှင့်အညီ လျော်ကြေးပေးရန်ကိစ္စနှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှတစ်ဆင့် မူလပိုင်ဆိုင်သူများစာရင်းကောက်ယူ၍ စနစ်တကျလျော်ကြေးငွေများလျာထား၍ တိုင်းဒေသကြီးရှိ မြေစာရင်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှတစ်ဆင့် မူလပိုင်ဆိုင်သူများစာရင်း ကောက်ယူ၍ စနစ်တကျ လျော်ကြေးငွေပေးချေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြခဲ့သည်။

တင်ပြချက်များနှင့် ပတ်သက်၍ ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက "ပိုင်ရှင်တွေ အဆင့်ဆင့်ပြောင်းသွားတာကြောင့် အငြင်းပွားမှုတွေရှိလာပြီး ပြဿနာတွေများလာတဲ့အတွက် ဘယ်သူ့ကို ပြန်ပေးရမှန်း မသိဘူးဖြစ်နေတယ်။ လုပ်ရတာခက်ခဲတဲ့အနေအထားရှိတာ တွေ့ရပါတယ်။ လောလောဆယ်အနေအထားမှာတော့ လုပ်ဆောင်မှုတွေ သိပ်မမြန်သေးပါဘူး"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၁)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးဒုတိယနေ့ကို အောက်တိုဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးပထမနေ့တွင် တပ်မတော်သားကိုယ်စားလှယ်များ ကတိသစ္စာပြုစဉ်။ (သတင်းစဉ်)

■ပြည်သူ့လွှတ်တော်မှ

ဥပဒေပြုခြင်းများအပြင် တာဝန်ရှိသူများက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊ လိုက်နာဆောင်ရွက်ကြရသူများက လိုက်နာဆောင်ရွက်ခြင်းနှင့် ထိန်းညှိကူညီခြင်းတို့ကို ပွင့်လင်းမြင်သာစွာ တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၈)ဦးက ကတိသစ္စာပြုခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို လွှတ်တော်သို့ အသိပေးတင်ပြမှတ်တမ်းတင်ခြင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်သစ်တစ်ဦး တာဝန်ပေးအပ်ခြင်း၊ မေးခွန်း(၆)ခုမေးမြန်းဖြေကြားခြင်း၊ **မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြင်ဆင်ချက်မရှိသဘောတူကြောင်းဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး၏ **မိုးကုတ်မြို့ Ruby Land of Myanmar သို့ Tourism Promotion Area တစ်ခုအနေဖြင့် သတ်မှတ်ပြီး သွားရောက်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုင်းကျော်အုန်းက ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် ဇန်နဝါရီ(၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၇၇/၂၀၁၃)ဖြင့် ကမ္ဘာလှည့်ခရီးသည်များ မိုးကုတ်မြို့နယ်သို့ ခွင့်ပြုချက်တောင်းခံပြီး သွားလာနိုင်သောနယ်မြေအဖြစ် ထည့်သွင်းသတ်မှတ်ပေးခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဧပြီမှ ယနေ့အထိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ခရီးစဉ်(၅၂)ခုအတွက် မိုးကုတ်မြို့ကို သွားရောက်လည်ပတ်ရန် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဂျပန်၊ ထိုင်း၊ ပြင်သစ်၊ ဂျာမန်၊ ကိုရီးယား၊ ကနေဒါနှင့် ဆွစ်ဇာလန်လူမျိုးများ သွားရောက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံခြားသားခရီးသွားများ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရေး၊ ရိုးရာကျောက်တူးဖော်မှု ပြကွင်းပြကွက်များ ပြသနိုင်ရေး၊ အလားတူ ပတ်ဝန်းကျင်ရှုခင်းများ ပြသနိုင်ရေး၊ ရိုးရာကျောက်မျက်ရောင်းဝယ်မှုများပြသနိုင်ရေး၊ ကျောက်မျက်ဝယ်ယူလိုသူများအား စနစ်တကျရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ရေး၊ လုံခြုံရေးကိစ္စများ ဂရုပြုဆောင်ရွက်ရေးတို့အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ မိုးကုတ်မြို့သို့ နိုင်ငံခြားခရီးသွား ဧည့်သည်များ ဝင်ရောက်လာသည့်အားလျော်စွာ လိုအပ်သည့်လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့၊ မြို့မိမြို့ဖများနှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းခြင်း၊ ယင်းကော်မတီ၏အစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုအဖွဲ့အစည်းကို အကျိုးပြုသောလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒေသနှင့်စပ်လျဉ်းသည့် မြှင့်တင်ကြော်ငြာခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးကို အစီအစဉ်(၁၂)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးဒုတိယနေ့ကို အောက်တိုဘာ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

✳အမျိုးသားလွှတ်တော်မှ

အရေးကို ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွန့်တင်၏ **နေပြည်တော်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များတွင် နောက်ထပ်တိုးချဲ့လာမည့် လေကြောင်းလိုင်းများကို အခြေချစေရန်အစီအစဉ်ရှိ/မရှိနှင့် လေယာဉ်များညဘက်တွင် ပျံသန်းမှုပြုလုပ်ခွင့်ပြုရန်နှင့် မင်္ဂလာဒုံလေယာဉ်ကွင်း ပတ်လည်တွင် လေယာဉ်ရပ်နားရန် နေရာသစ်များ ထပ်မံတိုးချဲ့ရန် အစီအစဉ်ရှိ/မရှိ** မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် FMI Airlines နှင့် APEX Airlines၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန်းရတနာပုံလေကြောင်းလိုင်းနှင့် SAGA Airlines တို့မှ အခြေပြု၍ တည်ထောင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် Night Landing Facilities ပြည့်စုံစွာတပ်ဆင်ထားပြီးဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများဖြစ်သည့် Myanmar Airways Int'l, Thai Airways Int'l, Bangkok Airways, Silk Air, Golden Myanmar Airlines, Air India, Hong Kong Dragon, Vietnam Airlines,Korean Air,Asiana Airlines,All Nippon Airways စသည့် လေကြောင်းလိုင်းများ ညအချိန် ဆင်းသက်လျက်ရှိပါကြောင်း။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တိုးတက်များပြားလာသော ခရီးသည်များအား လုံလောက်သော ဝန်ဆောင်မှုပေးနိုင်ရေးအတွက် လေဆိပ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်အား တင်ဒါစနစ်ဖြင့် Pioneer Aerodrome Services Consortium အား ဦးစားပေးအဖြစ်လည်းကောင်း၊ Yongnam - CAPE-JEC Consortium အား အရန်အဖြစ်လည်းကောင်း ရွေးချယ်၍ ၁၀-၈-၂၀၁၃ ရက်တွင် နိုင်ငံပိုင်သတင်းစာများ၌ ထုတ်ပြန်ကြေညာပြီး ဖြစ်ပါကြောင်းနှင့် လုပ်ငန်းများစတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးဆိုင်ရာ ဘာသာပေါင်းစုံတွေ့ဆုံနှီးနှောဖလှယ်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁

ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးဆိုင်ရာ ဘာသာပေါင်းစုံတွေ့ဆုံ နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်ဉာဏိဿရ(Ph.D, D.Litt)အမှူးပြုသော ဖိတ်ကြားထားသည့်သံဃာတော် အရှင်သူမြတ်များ၊ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဖိတ်ကြားထားသည့် နိုင်ငံခြားသံရုံးများမှ သံမှူးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို အဓိက ဘာသာကြီးငါးခုဖြစ်သော ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဂျူးဘာသာခေါင်းဆောင်များက ငြိမ်းချမ်းရေးအတွက်ဆုတောင်းခြင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး သီတဂူအပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရက နှုတ်ခွန်းဆက်စကားမြွက်ကြားရာ မကြာခဏ စည်းဝေးတိုင်ပင်ခြင်းပြုက ဘာသာရေးခေါင်းဆောင်များ သာမက နိုင်ငံရေး၊ လူမှုရေး ခေါင်းဆောင်အားလုံး ဆုံးရှုံးပျက်စီးမှုမရှိဘဲ ကြီးပွားတိုးတက်စေသည်ကို ဗုဒ္ဓကလမ်းညွှန်ထားကြောင်း၊ လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ အတူလက်တွဲနေထိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းသည် မြတ်ဗုဒ္ဓ၏အဆိုအမိန့်နှင့် ကိုက်ညီမှုရှိကြောင်း၊ မြတ်ဗုဒ္ဓ၏ ညွှန်ကြားချက်များစွာ၌ စည်းဝေးခြင်းသည် ငြင်းခုံရန်၊ တစ်ယောက်အပြစ်ကို တစ်ယောက်ရှာရန်၊ တစ်ယောက်အမှားကို တစ်ယောက် ဖော်ထုတ်ပုတ်ခတ်ရန်မဟုတ်ဘဲ ဖြစ်ပေါ်လာသော အခက်အခဲနှင့် ပြဿနာတို့၏ အကြောင်းအရင်းကို ရှာဖွေ၍ အဖြေမှန်ထုတ်ရန်သာလိုကြောင်း၊ သိပ္ပံပညာ၊ နည်းပညာတွေ အရှိန်အဟုန် ကောင်းကောင်းနှင့် တိုးတက်လာကြသော ခေတ်တွင် ဘာသာရေးလောကကြီးတစ်ခုလုံးရှိ လူသားများသည် ဘာသာတရားများကို တဖြည်းဖြည်းယုံကြည်မှု နည်းပါးလာနေကြပြီဖြစ်ကြောင်း၊ ဘာသာရေးခေါင်းဆောင်အားလုံးတို့ကို Modern Education နှင့် Moral Education ဤစနစ်နှစ်ခုတို့ကို ဟန်ချက်ညီအောင် ဝိုင်းဝန်းအားထုတ်ကြရန်ဖြစ်ကြောင်း၊ မြတ်ဗုဒ္ဓ၏ အဆုံးအမတွင် "သမ္မုခါဝိယ" တွေ့ဆုံဖြေရှင်းကြရာ၌ တစ်ဦးချင်း၏ အလိုဆန္ဒခံစားချက်နှင့် မာန်မာနကိုလျှော့ပြီး ဆွေးနွေးကြရန် အရေးကြီးပါကြောင်း၊ ဘာသာတရား၏ အတွင်းပိုင်းအနှစ်သာရကို နားလည်အောင်လေ့လာကြပြီး ထိုသက်ဆိုင်ရာ ဘာသာတရားတို့၏ အဆုံးအမကို ကောင်းစွာ လိုက်နာကြရန်လည်း တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုမျိုးစုံ၊ လူမျိုးပေါင်းစုံနှင့် ကိုးကွယ်ရာဘာသာတရားပေါင်းစုံတို့ စုဝေးနေသော နိုင်ငံတစ်ခုဖြစ်ပြီး ဘာသာအယူဝါဒ မတူညီသည့် လူမျိုးများ နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးစွာအတူနေထိုင်ခဲ့ကြကြောင်း၊ မိမိတို့ကိုးကွယ်ရာ ဘာသာတရား၏ အဆုံးအမများကို လိုက်နာကျင့်သုံးရင်း ဆွေးနွေးညှိနှိုင်းမှုများဖြင့် အတူလက်တွဲနေထိုင်သွားနိုင်သော အခြေအနေတစ်ရပ်ကို ဖော်ဆောင်ကြရန်ပဲ ဖြစ်ကြောင်း မိန့်ကြားသည်။

ယင်းနောက် Archbishop Charles Bo (CBCM)နှင့် ခရစ်ယာန်ဘုန်းတော်ကြီး စောရွှေလင်း (MCC)တို့က နှုတ်ခွန်းဆက် မိန့်ခွန်းများပြောကြားပြီး သီတဂူအပြည်ပြည်ဆိုင်ရာဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာအရှင်ဉာဏိဿရက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတော်မူသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်ဉာဏိဿရ(Ph.D, D.Litt) ငြိမ်းချမ်းရေး၊ ညီညွတ်ရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးဆိုင်ရာ ဘာသာပေါင်းစုံတွေ့ဆုံနှီးနှောဖလှယ်ပွဲ၌ စာတမ်းဖတ်ကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ငြိမ်းချမ်းရေးသဝဏ်လွှာကို ဖတ်ကြားလျှောက်ထားရာတွင် ယနေ့ကမ္ဘာတွင် လူသားများအနေဖြင့် အလွန်အမင်းဆင်းရဲမွဲတေမှု၊ သဘာဝဘေးအန္တရာယ်များ၊ စစ်မက်ဖြစ်ပွားမှုများကို ပိုမိုကြုံတွေ့နေရကြောင်း၊ ယခုပြုလုပ်သည့်ညီလာခံမှ လူသားတစ်ရပ်လုံး၏ ဆင်းရဲဒုက္ခများ လျော့ပါးရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးတို့ကို မိမိတို့ကြိုးပမ်းရမည့်ရလဒ်များကို ဖော်ညွှန်းနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း၊ ညီလာခံတွင် ငြိမ်းချမ်းရေးအတွက် သံသယကင်းရှင်းရေး၊ အတူယှဉ်တွဲနေထိုင်ရေးအယူအဆများကို ဖော်ထုတ်ကြရမည်ဖြစ်ပြီး လူသားတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးအတွက် ဘာသာရေး၊ ငြိမ်းချမ်းရေးခေါင်းဆောင်များ၏ ဗဟုသုတအသိဉာဏ်ပညာများကို မျှဝေပေးနိုင်မည်ဖြစ်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရားသည် လူသားအားလုံး၊ လူမျိုးဘာသာဆင်းရဲချမ်းသာမရွေး လိုက်နာကျင့်သုံးနိုင်ရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုသည့် ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားကြပုံကို ဆုံးမညွှန်ပြထားကြောင်း၊ သာသနာရေးဝန်ကြီးဌာနသည် ဘာသာအသီးသီး လွတ်လပ်စွာကိုးကွယ်ခွင့်နှင့် ဘာသာအချင်းချင်း ချစ်ခင်ရင်းနှီးစွာနေထိုင်ရေးကို ရှေးရှုလျက် ဘာသာတရားအားလုံးတို့၏ အရေးကိစ္စများတွင် အယူဝါဒကွဲပြားမှုကို အဓိကမထားဘဲ မတူညီသည့်အရာကို ဖယ်ရှား၍တူညီသည့်အရာဖြင့် ညှိနှိုင်းပေါင်းစပ်ကာ ငြိမ်းချမ်းမှုဖန်တီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငြိမ်းချမ်းရေးသဝဏ်လွှာကို ဖတ်ကြားလျှောက်ထားသည်။ ထို့နောက် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်မှ ပေးပို့သည့် သဝဏ်လွှာကို ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဒေါက်တာမျိုးမြင့်က ဖတ်ကြား လျှောက်ထားသည်။ ဆက်လက်၍ ပါမောက္ခဒေါက်တာခင်မောင်ညွန့်က မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်၊ ဗြိတိန်၊ ပါကစ္စတန်၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက သဝဏ်လွှာများ ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် IGE ဥက္ကဋ္ဌ Dr. Chris Seiple က Peace.Harmony and Co-existence ခေါင်းစဉ်ဖြင့် စာတမ်းကို လည်းကောင်း၊ သီတဂူဆရာတော်က Security, Peace, Harmony and Co-existence ခေါင်းစဉ်ဖြင့် စာတမ်းကိုလည်းကောင်း အသီးသီးဖတ်ကြားသည်။

ထို့နောက် ကြွရောက်လာကြသည့် ဧည့်သည်တော်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး နံနက်ခင်းအခမ်းအနားကို ခေတ္တရပ်နား၍ မွန်းလွဲပိုင်းတွင် အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။ **(သတင်းစဉ်)**

မော်တော်ကား မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

မြန်မာနိုင်ငံသို့ တင်သွင်းဖြန့်ဖြူးတော့မည့် Ford မော်တော်ယာဉ် အရောင်းပြခန်းအကြို မိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ကျင်းပသည်။

အဆိုပါ မိတ်ဆက်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Capital Automotive Ltd. မှ တာဝန်ရှိသူတစ်ဦးက Ford မော်တော်ယာဉ် တင်သွင်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် Capital Automotive Ltd. မှ ၂၀၁၃ ခုနှစ်ထုတ် Ford Explorer 3. 5LTD လေးဘီးယက် စနစ်ပါရှိသည့် မော်တော်ယာဉ် တစ်စီးအား ပြည်ထောင်စုအစိုးရ အဖွဲ့သို့ ပေးအပ်လှူဒါန်းရာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာနရှေ့တွင် ခင်းကျင်းပြသထားသည့် ၂၀၁၃ ခုနှစ်ထုတ် Ford မော်တော်ယာဉ်များကို ကြည့်ရှုလေ့လာခဲ့ကြသည်။

အမေရိကန်နိုင်ငံ မီချီကန်ပြည်နယ် အခြေစိုက် Ford Motor Company ကို ၁၉၀၃ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ဟင်နရီဖို့ဒ်က စတင်တည်ထောင်ခဲ့ရာ နှစ်ပေါင်း(၁၁၀) သက်တမ်းရှိ မော်တော်ကားကုမ္ပဏီ တစ်ခု ဖြစ်သည်။ ဖို့ဒ်အနေဖြင့် လုပ်ငန်းသုံး ထရပ်ကားများနှင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများ ထုတ်လုပ်နေသည့်အပြင် Lincoln အမည်ဖြင့် ဇိမ်ခံမော်တော်ယာဉ်များကို တစ်ကမ္ဘာလုံးသို့ ဖြန့်ချိပေးလျက်ရှိသည်။ ဖို့ဒ်အနေဖြင့် မော်တော်ယာဉ်ပေါင်း ၅ ဒသမ ၅ မီလီယံကို ထုတ်လုပ်နိုင်ခဲ့ပြီး ကမ္ဘာ့နေရာဒေသအနှံ့တွင် စက်ရုံပေါင်း ၉၀ ကျော်တည်ထောင်ဖွင့်လှစ်ထား၍ အလုပ်အကိုင်၂၁၃၀၀၀ ကို ဖန်တီးပေးထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များ စုပေါင်းလေ့ကျင့်

နေပြည်တော် အောက်တိုဘာ ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီမှ စီစဉ်သည့် ဖျော်ဖြေရေးအစီအစဉ်များ စတုတ္ထနှင့် နောက်ဆုံးအဆင့် စုပေါင်းလေ့ကျင့်မှုကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၇) တည်းခိုရေးစခန်း (ရွာတော်) လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကော်မတီဝင်များနှင့်အတူ ဖျော်ဖြေရေးအဖွဲ့ဝင်များကို လိုက်လံနှုတ်ဆက်အားပေးသည်။

လေ့ကျင့်မှုအစီအစဉ်အပြီးတွင် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ ဖျော်ဖြေရေး အဖွဲ့ဝင်များအတွက် ဧဒင်အုပ်စု ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ မေဖင်သိန်းဆောက်လုပ်ရေးနှင့် Sky Net တို့က ငွေကျပ်သိန်း ၁၀၀ စီ၊ KTM သောက်ရေသန့်က ငွေကျပ် ၁၆၉၅၀၀၀ တန်ဖိုးရှိ (သုည ဒသမ ၆)လီတာ ရေသန့်ဘူး ၁၄၀၀ ကတ်၊ ဖန်ခွက် ၁၂၀၊ နာရီအလုံး ၁၀၀ နှင့် ပြက္ခဒိန် ၃၅၀၊ မေဇင်သိန်း ဆောက်လုပ်ရေးက လျှပ်စစ်ဆိုင်ကယ် အစီး၃၀၊ မန်းရွှေပြည်ကုမ္ပဏီက ဂါလန် ၂၀၀ ဆံ့ ပလတ်စတစ် ရေ တိုင်ကီ အလုံး ၈၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို Pre-SEA Games Volleyball Test Match 2013 ဒုတိယနေ့ပြိုင်ပွဲအဖြစ် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘော်လီဘောအသင်းနှင့် ဩစတြေးလျ Norwood Bears Club လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်း တို့ နေပြည်တော် ဇေယျာသီရိ အားကစားရုံ(B)၌ ယနေ့မွန်းလွဲ ၁ နာရီက ဆက်လက်ယှဉ်ပြိုင် ကစားကြသည်။

ယနေ့ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘော်လီဘောအသင်းက ဩစတြေးလျ Norwood Bears Club လက်ရွေးစင်အမျိုးသမီးဘော်လီဘောအသင်းကို (၂၅-၁၅)၊ (၂၅-၂၂)၊ (၁၈-၂၅)၊ (၂၅-၁၉)မှတ်ဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ **(မောင်မောင်ဖော်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ဘီလီယက်နှင့် စနူကာပြိုင်ပွဲ၌ မြန်မာနိုင်ငံက ရွှေတံဆိပ်အများဆုံးဆွတ်ခူး

နေပြည်တော် အောက်တိုဘာ ၁

Pre-SEA Games Test Match 2013 ဘီလီယက်နှင့် စနူကာပြိုင်ပွဲကို ယမန်နေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပပြီးစီးသွားရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

နိုင်ငံအလိုက် ဆုရရှိမှုမှာ မြန်မာနိုင်ငံက ရွှေ ငါးခု၊ ငွေ ရှစ်ခု၊ ကြေး ရှစ်ခု၊ ထိုင်းနိုင်ငံက ရွှေ လေးခု၊ ငွေ တစ်ခု၊ ကြေး နှစ်ခု၊ အင်ဒိုနီးရှားက ရွှေ သုံးခု၊ ငွေ နှစ်ခု၊ ကြေး ၁၀ ခု၊ စင်ကာပူက ငွေ တစ်ခုနှင့် ကြေးလေးခုတို့ဖြင့် မြန်မာနိုင်ငံက နိုင်ငံအလိုက် အဆင့်(၁)ရရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းရေးလမ်းကြောင်းကို ပြည်သူတို့ရဲ့ အကျိုးစီးပွားအတွက် ဆက်လက်လျှောက်လှမ်းဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၁

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသော (၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ စက်တင်ဘာ ၃၀ ရက် ညနေပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မူဝါဒမိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

သဘာပတိကြီးခင်ဗျား၊

အဆွေတော်အား (၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေ ညီလာခံသဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရတဲ့အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ အဆွေတော်အား အပြည့်အဝ ထောက်ခံကြောင်းနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း အလေးအနက် ပြောကြားလိုပါတယ်။ အထွေထွေညီလာခံမှာ မိမိတို့ရဲ့ ဆွေးနွေးချက်များ အောင်မြင်စေဖို့ အဆွေတော်ရဲ့ သံတမန်ရေးရာကျွမ်းကျင်မှု အရည်အသွေးတွေနဲ့ အသိပညာဗဟုသုတ ပြည့်စုံမှုတွေက ဦးဆောင်လမ်းညွှန်မှု ပေးသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ (၆၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိအဖြစ် ညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးခဲ့တဲ့ မစ္စတာ ဗူက် ဂျီရီမစ်ကိုလည်း အထူးလေးစားချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။

သဘာပတိကြီးခင်ဗျား၊

မိမိတို့ဟာ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် သတ်မှတ်ထားတဲ့ကာလကို မကြာခင် ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ အဲဒီသတ်မှတ်အချိန်ကို ရောက်ဖို့ ရက်ပေါင်း (၈၅၀) ရက်တောင် မလိုတော့တဲ့အတွက် မိမိတို့ လျှောက်လှမ်းခဲ့တဲ့ အတိတ်ခရီးကို ပြန်လည်ဆန်းစစ်ဖို့နဲ့ ဆက်လက်လျှောက်ရမယ့် လမ်းကြောင်းကို ချမှတ်ဖို့ အရေးတကြီးလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၁၃) နှစ်တာကာလအတွင်းမှာ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက် အတော်များများကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပေမယ့် ဒေသတစ်ခုနဲ့တစ်ခု၊ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံတို့အကြား မညီမျှမှုများ ဆက်လက်တည်ရှိနေဆဲ ဖြစ်ပြီး အောင်မြင်မှုအတိုင်းအတာ အနေနဲ့ အမျိုးမျိုးကွဲပြားနေဆဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျန်ရှိနေသေးတဲ့ အချိန်တိုကာလအတွင်းမှာ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ အပြည့်အဝ အောင်မြင်စေရေး အတွက် မိမိတို့ရဲ့ ကြိုးပမ်းအားထုတ်မှုတွေကို တိုးမြှင့်သွားဖို့နဲ့ လက်တွေ့လုပ်ငန်းစဉ်တွေကို အရှိန်မြှင့်လုပ်ဆောင်သွားဖို့ လိုအပ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေမှာ လူဦးရေအများစုဟာ ဆင်းရဲမှု၊ ငတ်မွတ်ခေါင်းပါးမှု၊ စီးပွားရေးနဲ့ လူမှုရေးကွာဟမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု စတာတွေနဲ့ ရင်ဆိုင်ရုန်းကန်နေရဆဲ ဖြစ်ပါတယ်။ ဒါကြောင့် အလွန်အမင်းဆင်းရဲမှု ပပျောက်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနဲ့ အားလုံးပါဝင်တဲ့ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေကို တိုးမြှင့်ဖို့ အလေးထားဆောင်ရွက်ပေးနိုင်စေမယ့် ၂၀၁၅ ခုနှစ်ကာလအလွန် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ ချမှတ်ရေးဟာ အလွန်ဆီလျော်သင့်မြတ်တဲ့အချိန်ကိုက်ဆောင်ရွက်ချက်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များနဲ့အညီ ဆင်းရဲမှုပပျောက်ရေးကို အမျိုးသားစီးပွားရေး မဟာဗျူဟာရဲ့ အဓိကဦးစားပေးအဖြစ် ထားရှိဆောင်ရွက်လျက်ရှိပြီး ပြည်သူများရဲ့ လူမှုစီးပွား အခြေအနေများကို တိုးမြှင့်နိုင်ရေးအတွက် မနားမနေ ကြိုးပမ်းအားထုတ် ဆောင်ရွက်နေပါတယ်။ ၂၀၁၅ ခုနှစ်လွန် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အတွက် ခိုင်မာတဲ့လမ်းပြမြေပုံကို ရေးဆွဲနေချိန်မှာ ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များနဲ့ ဆင်းရဲမှုပပျောက်ရေး အစီအစဉ်တို့ကို အကောင်အထည်ဖော်မှုနဲ့ ပတ်သက်တဲ့ အဓိကကွာဟချက်တွေကို လာမယ့် (၂)နှစ်အတွင်း ဖြေရှင်းဆောင်ရွက်ရန်ဆိုတဲ့ ဖွံ့ဖြိုးဆဲ (၇၇)နိုင်ငံအုပ်စုရဲ့ တောင်းဆိုချက်ကို မိမိတို့ ကိုယ်စားလှယ်အဖွဲ့အနေနဲ့ အပြည့်အဝထောက်ခံပါတယ်။ ဒီနေရာမှာ နိုင်ငံတကာ ထောက်ခံအားပေးမှုတွေနဲ့ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်အခြေအနေ ဖန်တီးမှုတွေဟာ နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှုတွေကို ကူညီပံ့ပိုးပေးသွားကြရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုအတွက် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုရဲ့ အခန်းကဏ္ဍကိုလည်း တိုးတက်ခိုင်မာစေဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အားလုံးပါဝင်တဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟာ ကုလသမဂ္ဂအဖွဲ့ ယခုရာစုနှစ်အတွက် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ ဒါ့ကြောင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထွေထွေညီလာခံက အဆင့်မြင့် နိုင်ငံရေးဖိုရမ်ထူထောင်လိုက်ခြင်းကို မိမိတို့ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုပါတယ်။

သဘာပတိကြီးခင်ဗျား၊

မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်လာခဲ့တာ ယခုနှစ်မှာ (၆၄)နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ ကုလသမဂ္ဂစနစ်ဟာ လက်ရှိနိုင်ငံတကာ အခြေအနေတွေအရ ဆီလျော်မှုနဲ့ အရေးပါမှု ရှိနေဆဲဖြစ်တယ်လို့ မိမိတို့ ယုံကြည်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနဲ့ ပြည့်နေတဲ့ ယနေ့ခေတ်ကာလမှာ ကုလသမဂ္ဂအဖွဲ့ကြီးဟာ ယခင်ကထက် သာ၍ပင် မရှိမဖြစ်လိုအပ်လာပါတယ်။ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိန်းသိမ်းရေး၊ အခြေခံ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးနဲ့ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးတို့ကို ဆောင်ရွက်ဖို့ ကမ္ဘာ့အဖွဲ့အစည်းကြီးရဲ့ အရည်အသွေးနဲ့ စွမ်းဆောင်ရည်ကို မိမိတို့ယုံကြည်ပါတယ်။ ဒါ့ကြောင့်လည်း မိမိတို့ဟာ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ စိတ်ရင်းစေတနာမှန်ဖြင့် ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ မိမိတို့မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံအုတ်မြစ်ဖြစ်တာနဲ့အညီ ကုလသမဂ္ဂအဖွဲ့ကြီးက ချမှတ်ထားတဲ့ ဆုံးဖြတ်ချက်တွေကို တိတိကျကျ လိုက်နာလျက်ရှိပါတယ်။ ကမ္ဘာ့နေရာအနှံ့အပြားမှာ ဖြစ်ပေါ်နေတဲ့ လုံခြုံရေးနဲ့ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ဖို့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ ပိုမို၍ ဒီမိုကရေစီနည်းလမ်းကျစေဖို့ နိုင်ငံအားလုံးကို ကိုယ်စားပြုကာ ထိရောက်စွာ ဆောင်ရွက်သွားနိုင်စေဖို့ လိုအပ်တယ်လို့ မိမိတို့ ယုံကြည်ပါတယ်။

သဘာပတိကြီးခင်ဗျား၊

အစုလိုက် အပြုံလိုက် သေကျေပျက်စီးစေတဲ့ လက်နက်များ အထူးသဖြင့် နျူကလီးယားလက်နက်များ ဆက်လက်တည်ရှိနေတဲ့ အခြေအနေဟာ လူသားမျိုးနွယ်စု တစ်ရပ်လုံးအပေါ် အကြီးမားဆုံး ခြိမ်းခြောက်မှုအဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ နျူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့် နျူကလီးယားလက်နက် မပြန့်ပွားစေရေးအတွက် နိုင်ငံတကာ မျက်နှာစာများမှာ တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ ၁၉၉၅ ခုနှစ်မှစတင်ပြီး နျူကလီးယားလက်နက် ဖျက်သိမ်းရေးဆိုင်ရာ အဆိုမူကြမ်းများကို ကုလသမဂ္ဂတွင် နှစ်စဉ် ဦးဆောင်တင်သွင်းလျက်ရှိပါတယ်။ ယခုလို လုပ်ဆောင်မှုဟာ မြန်မာနိုင်ငံရဲ့ နျူကလီးယားလက်နက် ဖျက်သိမ်းရေး ရည်မှန်းချက်ကို ထင်ရှားစွာပြသတဲ့ သာဓကပဲဖြစ်ပါတယ်။ မိမိတို့အနေနဲ့ နျူကလီးယားလက်နက် ပိုင်ဆိုင်တဲ့နိုင်ငံများကို ယင်းအဆိုမူကြမ်းမှတစ်ဆင့် သတ်မှတ်ထားတဲ့ အချိန်ကာလ သတ်မှတ်ချက် ဘောင်တစ်ခုအတွင်း နျူကလီးယားလက်နက် အလုံးစုံဖျက်သိမ်းရေးကို ရည်ရွယ်ပြီး နျူကလီးယားလက်နက်နိုင်ငံများအနေဖြင့် ယင်းလက်နက်များ အရည်အသွေးတိုးတက်အောင် ဆောင်ရွက်နေမှု၊ ထုတ်လုပ်မှုနှင့် အနာဂတ်တွင် သုံးစွဲနိုင်ရန်အတွက် ရည်ရွယ်စုဆောင်းမှုများ ပြုလုပ်ခြင်းမှ ဆောလျင်စွာ ရပ်တန့်ကြဖို့ တောင်းဆိုလျက်ရှိပါတယ်။

ဒီခိုင်မာတဲ့ ယုံကြည်ချက်နှင့်အညီ မြန်မာအစိုးရအနေနဲ့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ရဲ့ တားဆီးကာကွယ်မှုဆိုင်ရာ သဘောတူညီချက် နောက်ဆက်တွဲ ပရိုတိုကောကို၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီအရေးပါတဲ့

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မူဝါဒမိန့်ခွန်းတစ်ရပ် ပြောကြားစဉ်။

ဖြစ်ပေါ်တိုးတက်မှုဟာ နျူကလီးယားလက်နက် ဖျက်သိမ်းရေးနဲ့ နျူကလီးယားလက်နက် မပြန့်ပွားစေရေး ရည်မှန်းချက်ပြည့်ဝစေဖို့အတွက် မြန်မာအစိုးရရဲ့ ကတိကဝတ်ကို ထပ်လောင်းမှတ်ကျောက်တင်လိုက်ခြင်းပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အကောင်အထည်ဖော် လုပ်ဆောင်ရန်ရှိသည်များကို အိုင်အေအီးအေအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းနဲ့ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း အငြင်းပွားမှုများအပေါ် ငြိမ်းချမ်းစွာ ဖြေရှင်းရေးအခြေခံမှုကို အပြည့်အဝ လေးစားလိုက်နာလျက်ရှိပါတယ်။ အလားတူ ဒေသတွင်းနဲ့ နိုင်ငံတကာငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအတွက် မြန်မာနိုင်ငံအနေနဲ့ မိမိတို့ကျရာကဏ္ဍမှ ပါဝင်ပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်။

သဘာပတိကြီးခင်ဗျား၊

ပြည်တွင်းနယ်ပယ်မှာလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့အနေနဲ့ လွန်ခဲ့တဲ့ နှစ်နှစ်ခွဲကျော်ကာလ အတွင်း မကြုံစဖူး ထူးခြားတဲ့ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရဟာ ပြည်သူအများက လိုလားတောင့်တနေတဲ့ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေဖို့နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးဖို့ဆိုတဲ့ ရည်မှန်းချက် နှစ်ရပ်ကို ဖြည့်ဆည်းပေးဖို့ သန္နိဋ္ဌာန်ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါတယ်။

ပြုပြင်ပြောင်းလဲမှုရဲ့ ပထမပိုင်းကတော့ နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်ပြီး တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။ ယနေ့အချိန်အခါမှာ ဒီမိုကရေစီလူ့အဖွဲ့အစည်းထူထောင်နိုင်ဖို့ ခိုင်မာတဲ့ အခြေခံကောင်းများကို တည်ထောင်နိုင်ခဲ့ပြီလို့ ဆိုရမှာဖြစ်ပါတယ်။ နိုင်ငံရေးမှာ သက်ဆိုင်သူများအားလုံးပါဝင်နိုင်အောင် ဖန်တီးပေးခဲ့ပြီး အားလုံးပါဝင်တဲ့နိုင်ငံရေးစနစ်တစ်ရပ်လည်း တည်ရှိနေပြီဖြစ်ပါတယ်။ လာမယ့်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ရည်မှန်းထားတဲ့နိုင်ငံရေးပါတီ အမြောက်အမြားလည်း ပေါ်ထွက်နေပြီ ဖြစ်ပါတယ်။ ဥပဒေပြုရေးအဖွဲ့အစည်းများဟာလည်း အချိန်တိုအတွင်းမှာ ကောင်းမွန်စွာလည်ပတ်လျက်ရှိပြီး တက်တက်ကြွကြွနဲ့ ပီပီပြင်ပြင် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအကျိုးအတွက် သတင်းမီဒီယာလွတ်လပ်ခွင့် ပိုမိုခွင့်ပြုပေးတဲ့ ဥပဒေသစ်၊ လွတ်လပ်စွာပြောဆိုခွင့်နဲ့ စုရုံးခွင့်ပြုတဲ့ ဥပဒေများအပါအဝင် ဥပဒေသစ် အမြောက်အမြား ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်လေ့လာသုံးသပ်နိုင်ဖို့အတွက် လွှတ်တော်မှကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်များကို အကြိမ်ကြိမ်ပေးခဲ့ပြီး အကျဉ်းကျသူ ထောင်ပေါင်းများစွာကိုလည်း အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါတယ်။ ယခုနှစ်ကုန်ပိုင်းမှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေသူ တစ်ဦးတစ်ယောက်မှ အကျဉ်းထောင်ထဲတွင် ဆက်လက်မကျန်ရှိစေရေးအတွက် စိစစ်တဲ့ယန္တရား တစ်ရပ်မှတစ်ဆင့် လျင်မြန်ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါတယ်။

လူမှုအဖွဲ့အစည်းများ ဖြစ်ထွန်းပေါ်ပေါက်လာမှုဟာ ဒီမိုကရေစီတန်ဖိုးနဲ့ ဒီမိုကရေစီအလေ့အထများ ပိုမိုရှင်သန်စေရေးအတွက်လည်း အထောက်အကူပြုလျက်ရှိပါတယ်။ မတူကွဲပြားတဲ့အမြင်နဲ့ ခြားနားတဲ့ ယုံကြည်ချက်ရှိသူများအကြား အတူတကွ သဟဇာတရှိစွာ ယှဉ်တွဲနေထိုင်ခြင်းနဲ့ ထိတွေ့ဆက်ဆံခြင်းဆိုတဲ့ အလေ့အထသစ်တစ်ရပ်ကို ပြုစုပျိုးထောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးလုပ်ဆောင်သူများအနေနဲ့ နိုင်ငံနဲ့လူမျိုးရဲ့အကျိုးကို ဦးထိပ်ထားကာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ဆက်လက်ဖြစ်ထွန်းပေါ်ပေါက်စေဖို့ ပြည်သူလူထုနဲ့အတူ အမြော်အမြင်ကြီးစွာ ကြိုးပမ်းလျက်ရှိပါတယ်။ မိမိတို့ အစိုးရအနေနဲ့ တရားဥပဒေစိုးမိုးရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသော အစိုးရတစ်ရပ်ဖြစ်ပေါ်စေဖို့အတွက် အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မိမိတို့ရဲ့ကြိုးပမ်းမှုများတွင် ခိုင်မာတဲ့တိုးတက်မှုများ ရရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများကြောင့် နှစ်ပေါင်း ၆၀ ကျော် အတွင်း ပထမဆုံးအကြိမ်အဖြစ် လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို ရရှိခဲ့ပြီ ဖြစ်ပါတယ်။ မကြာမီကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ကျင်းပနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အားလုံးပါဝင်ပြီး ထာဝရတည်တံ့စေမယ့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိစေဖို့အတွက် ပြည်ထောင်စုအဆင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုကို မကြာမီကာလမှာ စတင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဟာ လွယ်ကူမှုမရှိလှတာကို ယုံမှားသံသယမရှိပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ မိဘပြည်သူတွေ ရရှိခံစားထိုက်လျက် မခံစားရတာ ကာလကြာမြင့်နေပြီဖြစ်တဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကို ပြည်သူတို့ရဲ့ အကျိုးစီးပွားအတွက် ဆက်လက်လျှောက်လှမ်းဖို့ မိမိတို့အနေနဲ့ သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား၊

ပြည်သူများရဲ့ စီးပွားရေးနဲ့ လူမှုရေး လိုအပ်ချက်တွေကို အကောင်အထည်ဖော်ဆောင်ပေးနိုင်ခြင်း မရှိသရွေ့ ဒီမိုကရေစီပြောင်းလဲမှု လုပ်ငန်းစဉ်အတွင်း ခက်ခဲစွာကြိုးပမ်းရယူထားတဲ့ ငြိမ်းချမ်းရေးနှင့် အောင်မြင်မှုဆိုတာ လက်တွေ့ကျမှာမဟုတ်သလို ရေရှည်တည်တံ့မှာလည်း မဟုတ်ပါဘူး။ ဒါကြောင့် ပြုပြင်ပြောင်းလဲရေးရဲ့ ဒုတိယအစိတ်အပိုင်းတစ်ခုအနေနဲ့ စီးပွားရေးဘက်မှာလည်း ပိုမိုဖွင့်ပေးခဲ့ပြီး ဘဏ္ဍာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခြင်း၊ ပြည်သူကို ဗဟိုပြုသည့်စနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် သာတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ဆောင်ရွက်ခြင်း စတဲ့ စီးပွားရေးဖြေလျှော့ပေးခြင်းစတာတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံသူများအတွက် လွယ်ကူအဆင်ပြေစေမယ့် ပတ်ဝန်းကျင်ကိုလည်း ဖန်တီးဆောင်ရွက်ထားရှိပါတယ်။ အစိုးရအနေနဲ့ ဆင်းရဲမှုလျှော့ချရေးနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်လျက်ရှိပါတယ်။ မိမိတို့အနေနဲ့ လက်ရှိ ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆ ရာခိုင်နှုန်းမှ ထောင်စုနှစ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များနှင့်အညီ ၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်အောင်လည်း ရည်မှန်းချက်ထားရှိပါတယ်။ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မယ့် ပြည်သူဗဟိုပြု စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းမူဘောင်တစ်ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးစုပေါင်းစုံနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို ကျဉ်းမြောင်းစေရန်နဲ့ ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား မျှတတဲ့ဖွံ့ဖြိုးတိုးတက်မှု ရှင်သန်ခိုင်မာအောင် ဆောင်ရွက်ခြင်းတို့ဟာ မရှိမဖြစ်လိုအပ်ပါတယ်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကိုလည်း မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအား ပါဝင်လက်မှတ်ရေးထိုးခြင်းနဲ့ နိုင်ငံအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့တစ်ရပ် တည်ထောင်လိုက်ခြင်းတို့က မိမိတို့ရဲ့ ကတိကဝတ်ကို သက်သေဖော်ညွှန်းစေခဲ့ပါတယ်။ မိမိတို့အနေဖြင့် ယခုအခါ သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအစီအစဉ် (အီးအိုင်တီအိုင်) တွင်လည်း ပါဝင်လက်မှတ်ရေးထိုးသွားရေးအတွက် လိုအပ်သည်များ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မကြာသေးမီကပင် အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးစတုတ္ထအဆင့်အဖြစ် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို စတင်အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဤအခြေအနေမှာ အစိုးရဟာ စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေချောမွေ့စွာ လည်ပတ်ဆောင်ရွက်နိုင်ဖို့ အဖွဲ့အစည်း ဆိုင်ရာအခြေခံအဆောက်အအုံနဲ့ စည်းမျဉ်းစည်းကမ်းဆိုင်ရာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

❀ စာမျက်နှာ ၉ မှ

မူဘောင်များ ပိုမိုကောင်းမွန်အောင် ချမှတ်ဆောင်ရွက်ရေးကို အထူး အလေးထား ဆောင်ရွက်လျက်ရှိနေပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးနဲ့ မြန်မာပြည်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရာမှာ တန်ဖိုးမဖြတ်နိုင်တဲ့ အားပေးထောက်ခံ ပံ့ပိုးပေးမှုများ ပြုလုပ်ခဲ့ကြတဲ့ နိုင်ငံတကာအသိုက်အဝန်းကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ အနာဂတ်မှာ မိမိတို့ဘာသာမိမိတို့ ရပ်တည်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီအထောက်အပံ့များလည်း လိုအပ်နေပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာများ လွှဲပြောင်းပေးနိုင်မယ့် အလုပ်အကိုင်များ ဖန်တီးပေးကာ ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်စေနိုင်မယ့် တာဝန်ယူမှုရှိတဲ့ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ကြိုဆိုပါတယ်။ တိုင်းရင်းသား လူမျိုးစုများအတွင်းမှ သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွင်းမှ သော်လည်းကောင်း မည်သူတစ်ဦးတစ်ယောက်မှ နောက်ကျကျန်ခဲ့ခြင်း မရှိစေရန်နဲ့ မိမိတို့ရဲ့ ပြုပြင်ပြောင်းလဲရေးအသီးအပွင့်များနဲ့ မိမိတို့နိုင်ငံရဲ့ သာယာပျော်ရွှင်ဖွယ်ရာ လူမှုဘဝမှာ အားလုံးပါဝင်ခံစားခွင့်ရနိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား၊

မြန်မာနိုင်ငံဟာ လူမျိုးပေါင်းစုံနဲ့ ဘာသာပေါင်းစုံနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ ဘာသာကြီး လေးမျိုးဖြစ်တဲ့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်နဲ့ ဟိန္ဒူဘာသာဝင်တို့ ပါဝင်တဲ့ များပြားလှတဲ့ လူမျိုးစုများဟာ မြန်မာနိုင်ငံသားများအနေနဲ့ ငြိမ်းချမ်းစွာနဲ့ သဟဇာတရှိစွာ နေထိုင်လျက်ရှိကြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း ယင်းဘာသာကြီးလေးခုကို နိုင်ငံရဲ့ တရားဝင်ဘာသာများအနေနဲ့ သတ်မှတ် ပြဋ္ဌာန်းထားပါတယ်။ အသွင်ကူးပြောင်းဆဲကာလမှာ အခြေအနေကို မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လိုသူများကတော့ အမြဲရှိနေတတ်ပါတယ်။ နိုင်ငံရဲ့ပွင့်လင်းမှုအပေါ် အခွင့်ကောင်းယူပြီး ကွဲပြားတဲ့ လူမျိုးစုများနဲ့ ဘာသာဝင်များအကြား ပဋိပက္ခဖြစ်အောင် လှုံ့ဆော်မှုများကို ခွင့်ပြုမှာမဟုတ်ပါ။ သမ္မတကြီးအနေနဲ့ လူမျိုးရေး၊ ဘာသာရေး မုန်းတီးမှုများကို လှုံ့ဆော်တဲ့ မည်သူကိုမဆို လုံးဝသည်းခံခွင့်လွှတ်မှာ မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောကြားထားပြီးဖြစ်ပါတယ်။ အစိုးရအနေနဲ့ ပြဿနာကို ဖြေရှင်းနိုင်အောင် ကာလတို၊ ကာလရှည် အစီအစဉ်များ ချမှတ်ပြီး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒုက္ခရောက်လျက်ရှိသူများကိုလည်း ခွဲခြားဆက်ဆံမှုမပြုဘဲ ၎င်းတို့ရဲ့ နေထိုင်မှုအခြေအနေများနဲ့ အသက်မွေးဝမ်းကျောင်း အခြေအနေတိုးတက်လာစေရန် ကုလသမဂ္ဂနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်း ဆောင်ရွက်နေပါတယ်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်နေတာနဲ့ တစ်ချိန်တည်းမှာ ကွဲပြားတဲ့ လူ့အသိုက်အဝန်းများအကြား နားလည်မှုနဲ့ ယုံကြည်မှု မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ ဘာသာပေါင်းစုံချစ်ကြည်ရေး ဆွေးနွေးမှုများကို နိုင်ငံအနှံ့အပြားမှာ ဆောင်ရွက်ဖို့ အစိုးရက တိုက်တွန်းအားပေးလျက်ရှိပါတယ်။ တစ်ဖက်မှာလည်း မြန်မာနိုင်ငံရဲ့ လွတ်လပ်တဲ့ လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဟာ နိုင်ငံတွင်းမှာ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးတို့အတွက် ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ ဘာသာပေါင်းစုံအဖွဲ့များနဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များနဲ့ နီးကပ်စွာ ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ဟာ သက်တမ်းနုနယ်သေးပြီး ထိခိုက်လွယ်တဲ့ အခြေတည်စအဆင့်တစ်ခုမှာပဲ ရှိနေသေးဆဲဖြစ်တဲ့အတွက် အများအယွင်းမခံနိုင်တဲ့ အနေအထားမျိုးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက ယင်းအခြေအနေကို ထည့်သွင်းစဉ်းစားကာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းတဲ့ အသွင်ကူးပြောင်းမှုများအပေါ် ထိခိုက်စေနိုင်မယ့် မည်သည့်လုပ်ရပ်ကိုမဆို မည်သူကမျှ မပြုလုပ်မိကြစေရန် အလေးထားထုတ်ဖော်ပြောကြားထားပြီး ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား၊

ပြည်တွင်းမှာ နိုင်ငံရေးနဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်နေချိန်မှာ နိုင်ငံတကာအသိုက်အဝန်းနဲ့လည်း ထိတွေ့ဆောင်ရွက်မှုများ ပြုလုပ်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာအသိုက်အဝန်းနဲ့ ကုလသမဂ္ဂတို့က ရရှိခဲ့တဲ့ တစ်ခဲနက်ထောက်ခံအားပေးမှုများဟာ နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်မှုတို့အပေါ် ထူးထူးခြားခြားပံ့ပိုးပေးနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အာဆီယံအသင်းကြီးသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်က စတင်ပါဝင်လာခဲ့ပြီးနောက် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ်မှာ ပထမဆုံးအကြိမ်အဖြစ် စတင်တာဝန်ယူဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်ပါတယ်။ မိမိတို့အနေဖြင့် အဆိုပါအခွင့်အလမ်းအတွက် များစွာဂုဏ်ယူမိပါတယ်။ ယင်းအရေးကြီးတဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာမှာ စည်းလုံးညီညွတ်စွာနဲ့ ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ အသိုက်အဝန်းတစ်ခုအဖြစ် ရောက်ရှိလာအောင် မိမိတို့ဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့သာမက အာဆီယံရဲ့ ဆွေးနွေးဖက်နိုင်ငံများနဲ့ပါ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား၊

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အပေါ် ပြည်တွင်းနဲ့ နိုင်ငံတကာအသိုက်အဝန်းမှာ မြင့်မားတဲ့ မျှော်လင့်ချက်တွေ ထားရှိနေကြပါတယ်။ မြန်မာအစိုးရနဲ့ ပြည်သူတွေအတွက် ဒီတာဝန်ဟာ ကြီးလေးပါတယ်။ စိန်ခေါ်မှုအများအပြားလည်း ရှေ့မှာရှိနေပါတယ်။ မိမိတို့ဟာ အရေးကြီးတဲ့ အသွင်ကူးပြောင်းရေးကာလမှာ ရှိနေဆဲဖြစ်ပါတယ်။ နောက်ကြောင်းပြန်လှည့်ရန် အကြောင်းမရှိပါ။ မိမိတို့အနေနဲ့ လုပ်ဆောင်ရန်ရှိသည်များကို အပြည့်အဝ ကြိုးပမ်းအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ မြန်မာအစိုးရနဲ့ ပြည်သူတွေဟာ အချိန်တိုင်းနိုးကြားနေမှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို သွေဖည်အောင်ပြုလုပ်လိုသူများရဲ့ လှည့်ကွက်ထဲကို မကျရောက်မှာ ဖြစ်ပါတယ်။ နိုင်ငံတကာအသိုက်အဝန်းရဲ့ စဉ်ဆက်မပြတ် ထောက်ခံအားပေးမှု လိုအပ်ပါတယ်။ မိမိတို့ရဲ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်မှာ အနီးအဝေးမှာရှိတဲ့ မိတ်ဆွေတွေရဲ့ ခင်မင်ရင်းနှီးပြီး အပြုသဘောဆောင်တဲ့ အကြံဉာဏ်နဲ့ ကူညီမှုများကို အစဉ်ကြိုဆိုလျက်ရှိပါတယ်။ ဒါပေမယ့် မိမိတို့ရဲ့ကိုယ်ပိုင်ကံကြမ္မာကို ဆုံးဖြတ်ဖို့နဲ့ ကိုယ်ပိုင်အနာဂတ်ကို ဖော်ဆောင်ဖို့အတွက် မြန်မာပြည်သူတွေမှာသာ လုံးလုံးလျားလျား တာဝန်ရှိတယ်ဆိုတာကို မိမိတို့ နားလည်ခံယူထားပါတယ်။

သဘာပတိကြီးခင်ဗျား၊

သမ္မတကြီး ဦးသိန်းစိန် ခေါင်းဆောင်တဲ့ အစိုးရအနေနဲ့ မြန်မာပြည်သူများအတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံတော်သစ်တစ်ရပ် ပေါ်ထွက်လာစေရန်အတွက် ခိုင်မာတဲ့အုတ်မြစ်ကို တည်ဆောက်နေတာဖြစ်ပါတယ်။ ကမ္ဘာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်မှာ မြန်မာရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အလားအလာအကောင်းဆုံး ကြိုးပမ်းအားထုတ်မှုတစ်ခုအဖြစ် ချီးကျူးလျက်ရှိကြပါတယ်။ ပြုပြင်ပြောင်းလဲမှုကို လိုလားပြီး အမှန်တကယ် ပြင်းပြတဲ့စိတ်ဆန္ဒရှိကြသော နိုင်ငံခေါင်းဆောင်များနဲ့ မြန်မာပြည်သူတို့ရဲ့ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ မိမိတို့အောင်မြင်မှုများ ရရှိနေတာဖြစ်ပါတယ်။ ရှေ့ဆက်ရမယ့် လမ်းခရီးဟာ ရှည်လျားပြီး စိန်ခေါ်မှုများနဲ့ ပြည့်နှက်နေပါတယ်။

အေးချမ်းသာယာပြီး ဒီမိုကရေစီထွန်းကားတဲ့ နိုင်ငံတည်ဆောက်ရန် မိမိတို့ချမှတ်ထားတဲ့ လမ်းကြောင်းကို ဆက်လက်ဦးတည်လျှောက်လှမ်းသွားနိုင်ဖို့နဲ့ မည်သို့သော အခက်အခဲမဆို ရင်ဆိုင်ဖြတ်ကျော်နိုင်ဖို့အတွက် မိမိတို့ မနေမနား ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဒီခရီးလမ်းကို ဆက်လက်လျှောက်လှမ်းရာမှာ မိမိတို့အနေနဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အသိုက်အဝန်းရဲ့ နားလည်မှု၊ ဆက်လက်အားပေးမှုနဲ့ ကူညီထောက်ခံမှုတို့ လိုအပ်ပါတယ်။ မိမိတို့အနေနဲ့ ရည်မှန်းချက်များကို မည်သည့်အခါမျှ မျက်ခြည်ပြတ်မခံဘဲ ပြည်သူလူထု၏ဆန္ဒကို ဖြည့်ဆည်းပေးဖို့ သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး(၂)၊ နေပြည်တော်ကောင်စီနယ်မြေ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒက္ခိဏခရိုင်နှင့် ပျဉ်းမနားမြို့နယ် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်း၏ မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ပျဉ်းမနားမြို့နယ် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ခုတင်(၁၀၀၀)နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ ပျဉ်းမနားမြို့နယ် ခုတင်(၂၀၀)ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့သည် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ဝဲကြီးကျေးရွာသို့ ကွင်းဆင်း၍ ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်သဇင်နွယ်က အဖွင့်အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးမင်းဦးက ကိုယ်ဝန်ဆောင်များကို တတ်ကျွမ်းနားလည်သူများနှင့် မွေးဖွားရန် အကြောင်းကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာလှလှကြည်က ကျန်းမာရေးပညာပေးခြင်း အကြောင်းကိုလည်းကောင်း၊ ဒေါက်တာထွေးယဉ်အေးက ကိုယ်ဝန်ဆောင်များအာဟာရမျှတစွာစားသုံးရန်နှင့် သားဆက်ခြားခြင်း အကြောင်းကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့်အဖွဲ့များက အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကို လည်းကောင်း**(အပေါ်ပုံ)**၊ ကိုယ်ဝန်ဆောင်မိခင်များကို အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ၎င်းနောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်း လူနာများအား ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သော လူနာများအား နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်ဘာလေသိန်းဆုဖွင့်

ရန်ကုန် အောက်တိုဘာ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၂၉၇) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျပ်သိန်း (၁၅၀၀)ဆု

ယ-၇၃၁၃၆၁

ကျပ်သိန်း (၁၀၀၀)ဆု

ခ-၉၅၁၇၇၉

ကျပ်သိန်း (၅၀၀)ဆု

ဍ-၈၆၇၅၈၂

ကျပ်သိန်း (၃၀၀)ဆု

ထ-၇၇၈၆၄၃ ကက-၄၃၄၅၂၇

ဇ-၅၈၃၃၉၂

ကျပ်သိန်း (၂၀၀)ဆုများ

ဈ-၆၄၂၈၁၇ တ-၂၈၉၀၃၆
ကက-၆၉၉၆၈၉ ပ-၃၄၆၃၅၃

ခ-၂၃၇၅၇၈ ယ-၈၅၁၄၅၀
ခ-၈၆၂၃၇၉

ကျပ်သိန်း (၁၀၀)ယူနစ်
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ကခ-၇၆၆၆၄၅ ဏ-၁၄၈၄၃၃
န-၆၁၇၂၈၆ ဝ-၄၁၄၅၁၁
ဇ-၅၇၆၅၉၄ ဆ-၆၁၆၁၀၉
ကက-၇၇၁၉၁၃ ဂ-၈၁၆၇၉၇
ဆ-၁၀၄၆၅၄ ဇ-၆၄၆၄၇၉
ဏ-၄၅၃၆၀၂ လ-၅၀၅၄၅၆
ရ-၆၈၃၂၄၂ ဂ-၈၂၃၇၁၇
သ-၇၉၂၄၃၇ ဇ-၃၈၂၆၆၆

စစ်တောင်းမြစ်ရေ ပြန်လည်ကျဆင်း၊ နစ်မြုပ်လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမရှိ၍ တောင်သူများဝမ်းသာ

ရေတာရှည်   အောက်တိုဘာ   ၁

စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း နေ့စဉ်မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိသောကြောင့် စစ်တောင်းမြစ်ရေမြင့်တက်လာခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ကြောင်းတစ်လျှောက်၌ရှိသည့် မြို့လှ မြို့အရှေ့တောင်ဘက်တွင် ပျဉ်းထောင်ကျေးရွာ၊ သာဂရမြို့အရှေ့တောင်ဘက်ရှိ ကျူဖောင်း ကျေးရွာ၊ ဆွာမြို့အရှေ့ဘက်ရှိ ရွှေကဖောင်းကျေးရွာ၊ ရေတာရှည်မြို့အရှေ့ရှိ သောင်ကြီးကျေးရွာ၊ ကျွဲရိုင်းပြင်ကျေးရွာ၊ အုန်းပင်ကွေ့ကျေးရွာများ၌ စစ်တောင်း မြစ်ရေများဝင်ရောက်ခဲ့ရာ**(အပေါ်ပုံ)** စာသင်ကျောင်းအချို့ယာယီပိတ်ထားခဲ့ရသည်။ ထို့အတူ စစ်တောင်း မြစ်ရေထောက်ကာ တောင်ကျရေများ ဝင်ရောက်မှုကြောင့် ရေတာရှည်မြို့အရှေ့တွင် ဆင်ဂွေကျေးရွာအုပ်စု၊ ပီတူး ကျေးရွာအုပ်စုများရှိလယ်ယာမြေများရေနစ်မြုပ်ခဲ့သော်လည်း ရက်ပိုင်းအတွင်း မြစ်ရေပြန်လည် ကျဆင်းသွားမှုကြောင့် ပျက်စီးမှုမရှိသဖြင့် တောင်သူများဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။"ဒီနှစ်ရေတက်တာက သွားလာရေးခက်ခဲတာကလွဲလို့ ဒေသတွင်းမှာ ပျက်စီးဆုံးရှုံးမှုမရှိပါဘူး၊ ကျွဲ၊ နွားတွေ ရေလွတ်ရာ ရွှေ့ပြောင်းကြရတာ၊ ကျောင်းတွေ ခဏပိတ်ထားရတာလောက်ပဲရှိပါတယ်၊ ဟိုအရင်နှစ်တွေထက် အများကြီးသက်သာပါတယ်" ဟု ကျွဲရိုင်းပြင်ရွာခံတစ်ဦးကပြောသည်။ ကျေးရွာ များတွင် ရေများ ဆက်လက်ကျန်ရှိနေသေးပြီး သောက်သုံးရေ၊ ကျွဲ၊ နွားများ၏ ကျန်းမာရေး၊ ရေကြောင့်ဖြစ်သောရောဂါဘယများအတွက် သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနများ၏ ကူညီဆောင်ရွက်မှုများလိုအပ်နေကြောင်း ၎င်းဒေသခံက ဆက်၍ပြောပြသည်။ **(၅၇၈)**

ကျောက်တန်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ကွန်ကရစ်လမ်းများ ရေနစ်မြုပ်

ကျောက်တန်း အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့တွင် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အနောက်ပိုင်းရပ်ကွက်၊ မန်ကျီးတန်းလမ်းနှင့် လမ်းမတော်လမ်းမတို့တွင် ရေများကျော်ကာ ရေကြီးနစ်မြုပ်မှုကြောင့် ကျောင်းသားကျောင်းသူများ၊ ခရီးသွားပြည်သူများ၊ အငှားယာဉ်များ ခက်ခက်ခဲခဲသွားလာနေကြရသည်။**(ယာပုံ)**

အဆိုပါလမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများ သွားလာရေး အဆင်ပြေစေရန် ကွန်ကရစ်လမ်းများ ခင်းပေးသည့်အတွက် ကျိုက်မှော်ဝန်းရေလယ်စေတီသို့ ဘုရားဖူးလာ ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ခရီးသည်တင်ယာဉ်များ၊ ခြေကျင်လျှောက်၍(၂၁၆၊ ၁၇၃) ကားဂိတ်များသို့ သွားရောက်သော ဘုရားဖူးများနှင့် မြို့နေပြည်သူများ ဝမ်းသာပီတိဖြစ်နေကြသော်လည်း ယခုကဲ့သို့ မိုးသည်းထန်သည့်အခါ ရေနုတ်မြောင်းများ ကျဉ်းမြောင်းပြီး စနစ်တကျမရှိခြင်း၊ အမှိုက်များပိတ်ဆို့နေခြင်းတို့ကြောင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ပြီး လမ်းများပေါ်တွင် ရေဝပ်နေခြင်းမရှိစေရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

(မောင်မောင်မြင့်ငွေ)

ပန်းလောင်မြစ်ရေကြီးမှုကြောင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့ရေဝင်ရောက်

ပန်းလောင်မြစ်ရေကြီးပြီး စဉ့်ကိုင်မြို့နယ်အတွင်း မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများ ရေဝင်ရောက်နေစဉ်။

စဉ့်ကိုင်   အောက်တိုဘာ   ၁

မိုးသည်းထန်စွာရက်ရှည်ရွာသွန်းမှုကြောင့် ပန်းလောင်မြစ်ရေကြီးပြီး စဉ့်ကိုင်မြို့နယ်အတွင်း မြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများတွင် စက်တင်ဘာ ၂၈ ရက်မှစတင်ကာ ရေဝင်ရောက်လျက်ရှိရာ ရေလွတ်ရာသို့ယာယီစခန်းများ ဖွင့်လှစ်ကာ ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

ပန်းလောင်မြစ်ရေကြီးမှုကြောင့် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ထန်းတောကျေးရွာ၊ စော်ရဲကျေးရွာ၊ ရှမ်းရွာ၊ ဝံပတေ့(တောင်)၊ ဝံပတေ့(မြောက်)၊ လက်ပံချိုင့်ကျေးရွာ၊ ရွှေလှံတောင် ကျေးရွာ၊ ခံလူးကျေးရွာ၊ နန်းနီ(တောင်)၊ နန်းနီ(မြောက်)၊ မြေတော်၊ ကုန်းသာ၊ အန်းလက်ကောက် စသည့်ကျေးရွာ ၁၃ ရွာမှ အိမ်ခြေ ၁၁၁၂၊ အိမ်ထောင်စု ၁၂၆၀ ရေဝင်ရောက်လျက်ရှိသည်။ ရေဝင်ရောက်သော အိမ်ခြေ၊ အိမ်ထောင်စု များအနက် အိမ်ခြေ ၆၇၄ လုံး၊ အိမ်ထောင်စု ၇၈၆ စုမှ လူဦးရေ ၂၈၃၁ ဦးနှင့်ကျွဲ၊ နွား ၉၉၉ ကောင် တို့ကို ရေလွတ်ရာသို့ပြောင်းရွှေ့ထားရှိပြီး ဒေသဆိုင်ရာ အာဏာပိုင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သော အကူအညီများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ထွန်းထွန်းနိုင်)

မိတ္ထီလာခရိုင်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဝမ်းတွင်းမြို့နယ်တွင် ရေလွှမ်းမိုး

မိတ္ထီလာ အောက်တိုဘာ ၁

မိတ္ထီလာမြို့တွင် စက်တင်ဘာလအတွင်းက မိုး (၁၄) ကြိမ်ရွာသွန်းခဲ့သည်။ မိုးရွာသွန်းခဲ့သဖြင့် မိုးရေချိန် လက်မ ၁၁ ဒသမ ၆၉ လက်မရရှိခဲ့သည်။

မိတ္ထီလာမြို့တွင် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်များက မိုးအဆက်မပြတ် ရွာသွန်းခဲ့ရာ စက်တင်ဘာ ၂၉ ရက်က မိုးရေချိန် ၂ ဒသမ ၇၅ လက်မအထိ ရွာသွန်းခဲ့သည်။ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်မြို့နယ်များတွင် ကန်၊ ချောင်း၊ ဆည်မြောင်းများ ရေပြည့် ရေလျှံဖြစ်ခဲ့သည်။ မိတ္ထီလာမြို့ရှိနန်းတော် ကုန်းရပ်ကွက်နယ်မြေ (၅)၊ နယ်မြေ (၁)နှင့် နယ်မြေ (၂) အနိမ့်ပိုင်းရပ်ကွက်များတွင် ရေဝင်ရောက်ခဲ့သဖြင့် အိမ်ခြေ ၁၀ လုံးကျော် ရေနစ်မြုပ်ခဲ့သည်။

ဤကဲ့သို့ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဝမ်းတွင်းမြို့နယ်တွင်းရှိ ကန်၊ ဆည်များရေပြည့်လျှံမှုဖြစ်ပြီး စမုံချောင်း၊ သင်ပုန်းချောင်းတို့ ရေလျှံမှုကြောင့် ကျေးရွာများတွင် ရေဝင်ရောက်၍ ရေဘေးဒုက္ခကြုံတွေ့နေရသဖြင့် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး စဝ်နေလင်း၏ဦးဆောင်မှုဖြင့် ဝမ်းတွင်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များက ရေဘေးသင့်ကျေးရွာများအား သွားရောက်၍ ကူညီဆောင်ရွက်ပေးခဲ့သည်။ ရေဝင်ရောက်မှုကြောင့် လူနှင့် တိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိကြောင်း သိရသည်။

(တင်လှိုင်-မိတ္ထီလာ)

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်



တောင်ကိုရီးယား တပ်မတော်နေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားၡ ခင်းကျင်းပြသသော ဒုံးလက်နက်များကို တွေ့ရစဉ်။

အကြီးဆုံးသော စစ်ရေးပြအခမ်းအနား တောင်ကိုရီးယား တပ်မတော်နေ့တွင် ကျင်းပ

ဆိုးလ် အောက်တိုဘာ ၁

တောင်ကိုရီးယားနိုင်ငံသည် ဆယ်စုနှစ်တစ်ခုအတွင်း အကြီးမားဆုံးသော စစ်ရေးပြပွဲအခမ်းအနားတစ်ရပ်ကို အောက်တိုဘာ ၁ ရက်က ကျင်းပသည်။ ယင်းအခမ်းအနား၌ တောင်ကိုရီးယားသမ္မတက မိန့်ခွန်းပြောကြားရာတွင် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုများသည် အလွန်အန္တရာယ်ကြီးမားကြောင်း သတိပေးခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ရေးပြပွဲ၌ ပြသသောစစ်လက်နက်များတွင် ခရုဇ်ဒုံးကျည်များနှင့် တော်ပီဒိုလက်နက်များ ပါဝင်သည်။

တောင်ကိုရီးယားနိုင်ငံသို့ လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲတက်ရောက်ရန်ရောက်ရှိနေသည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ချပ်ဟေဂဲလ်နှင့် ဗိုလ်ချုပ်ကြီးမာတင်ဒမ်ဆီတို့သည် တပ်မတော်နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြသည်။

စစ်ရေးပြအခမ်းအနား၌ တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟိုင်းကမိန့်ခွန်းပြောကြားရာတွင် ကိုရီးယားကျွန်းဆွယ်၏ အခြေအနေမှာ အလွန်စိုးရိမ်ဖွယ်ကောင်းသည်ဟု ဖော်ပြသည်။

မိမိတို့အနေဖြင့် မြောက်ကိုရီးယားအားရင်ဆိုင်ရန် အင်အားတောင့်တင်းသည့် တပ်မတော်ကို တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားအစီအစဉ်များအား စွန့်လွှတ်သွားစေရန် လုပ်ဆောင်ခြင်းသည် ၎င်းနိုင်ငံရှိ ပြည်သူများနှင့် ကိုရီးယားကျွန်းဆွယ်ဒေသ ငြိမ်းချမ်းရေးအတွက် မှန်ကန်သောရွေးချယ်မှုဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတက ဆက်လက်ပြောကြားသည်။

ယင်းစစ်ရေးပြအခမ်းအနားတွင် ခေတ်မီစစ်လက်နက်ပစ္စည်းများကို ခင်းကျင်းပြသသည်။ယင်းတို့အနက် ဟွမ်မူး-၃ အမျိုးအစား ခရုဇ်ဒုံးကျည်မှာ မြောက်ကိုရီးယားရှိပစ်မှတ်များကို တိကျစွာထိမှန်အောင် တိုက်ခိုက်နိုင်စွမ်းရှိကြောင်း တောင်ကိုရီးယားက ပြောကြားသည်။ စစ်ရေးပြပွဲတွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင်ဦးရေ ၁၁၀၀၀ နှင့် စစ်လေယာဉ်အစင်းရေ ၁၂၀ တို့ပါဝင်စစ်ရေးပြသကြသည်။ **ဘီဘီစီ။**

စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့မှုဖြင့် ဘင်္ဂလားဒေ့ရှ်လွှတ်တော်အမတ်တစ်ဦးအား သေဒဏ်ပေး

ဒါကာ အောက်တိုဘာ ၁

၁၉၇၁ ခုနှစ်တွင်ဖြစ်ပွားခဲ့သော လွတ်မြောက်ရေးစစ်ပွဲကာလအတွင်း လူမျိုးတုံးသတ်ဖြတ်မှုများနှင့် လူသတ်မှုများကျူးလွန်ခဲ့သည်ဟူသော စွဲချက်များ တရားရုံးက သေဒဏ်စီရင်ချက်ချမှတ်ခဲ့ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီ(ဘီအန်ပီ)ကိုစတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သူ ဆာလာအူဒင်ကွာဒါချောင်ဒူရီအား တရားရုံးတင်စစ်ဆေးရာ၌ စွဲချက် ၂၃ ခုတွင် ကိုးခု၌အပြစ်ရှိကြောင်းတွေ့ရှိသည်ဟုဆိုသည်။

ယင်းတရားစီရင်မှုသည် နိုင်ငံရေးအရရည်ရွယ်လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ဘီအန်ပီပါတီက အစဉ်တစိုက်ပြောကြားခဲ့သည်။ တရားရုံး၏ ယခင်စီရင်ချက်များကိုလည်း အတိုက်အခံခေါင်းဆောင်များက ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်သည်။

စစ်ရာဇဝတ်မှုဆိုင်ရာတရားရုံးကို အာဏာရ အဝါမီလိဂ်ပါတီက ၂၀၁၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယင်းတရားရုံးသည် အဝါမီလိဂ်ပါတီက ၎င်း၏ပြိုင်ဘက်များအား နိုင်ငံရေးအရအငြိုးတကြီးအပြစ်ပေးရန်ဖြစ်ကြောင်း အတိုက်အခံပါတီများက စွပ်စွဲပြောကြားကြသည်။

စစ်ရာဇဝတ်မှုဆိုင်ရာ တရားရုံးကို ဖွဲ့စည်းရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြောင်း လူ့အခွင့်အရေးလှုပ်ရှားသည့်အုပ်စုများက ပြောကြားသည်။

တရားစီရင်စစ်ဆေးရာတွင် လုံခြုံရေးထူထပ်စွာချထားပြီး ဒါကာမြို့ရှိ တရားရုံးခန်းမတွင်စီရင်ချက်ကိုကြားသိရန် လူများအပြည့်ရှိနေခဲ့သည်။ ချောင်ဒူရီက အဆိုပါစီရင်ချက်များကို အယူခံလွှာတင်သွင်းဖွယ်ရှိသည်ဟု မျှော်လင့်ရသည်။ ချောင်ဒူရီ၏ ဇာတိဌာနေဖြစ်သည့် စစ်တကောင်းမြို့တွင် ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့များကို စေလွှတ်ဖြန့်ကြက်ထားသည်။ ချောင်ဒူရီသည် ယင်းနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်အဖြစ် သက်တမ်းခြောက်ကြိမ်တိုင် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။ **ဘီဘီစီ။**

အာဖဂန်ရှိ အမေရိကန်စစ်စခန်း တိုက်ခိုက်ခံခဲ့ရမှု အမေရိကန် ဗိုလ်ချုပ်နှစ်ဦးကို ရာထူးမှဖယ်ရှား

ဝါရှင်တန် အောက်တိုဘာ ၁

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်က မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)တပ်ဖွဲ့၏အဓိကစစ်စခန်းတစ်ခု တိုက်ခိုက်ခံခဲ့ရမှုနှင့်ပတ်သက်၍ အမေရိကန်ဗိုလ်ချုပ်နှစ်ဦးကို ရာထူးမှဖယ်ရှားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးစစ်စခန်းတစ်ခုကို တာလီဘန်စစ်သွေးကြွများက တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ အမေရိကန်စစ်ဘက်က စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် ဗိုလ်ချုပ်ချားလ်စ်ဂါဒါနက်စ်နှင့် ဗိုလ်ချုပ်ဂရက်စတာဒီဗန်တို့နှစ်ဦးကို ရာထူးမှဖယ်ရှားရန် အမေရိကန် မရိန်းတပ်ဖွဲ့ တပ်မှူးကြီးက ဆုံးဖြတ်ခဲ့သည်။

အဆိုပါ စစ်ဗိုလ်ချုပ်နှစ်ဦးသည် ၎င်းတို့၏စစ်စခန်း လုံခြုံရေးအတွက် ထိရောက်သော ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ခြင်းမရှိကြောင်း စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့က သုံးသပ်ခဲ့သည်။

ဗီယက်နမ်စစ်ပွဲကာလ နောက်ပိုင်း စစ်မြေပြင်တွင် ကြီးကြပ်ကွပ်ကဲမှု ညံ့ဖျင်းမှုဖြင့် အမေရိကန်အထက်တန်းစစ်အရာရှိကြီးများအား ရာထူးမှဖယ်ရှားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ကမ့်ဘက်ရှင်းစစ်စခန်းကို လွန်ခဲ့သည့်နှစ် စက်တင်ဘာ ၁၄ရက်နှင့် ၁၅ရက်တို့တွင် တာလီဘန်စစ်သွေးကြွတို့က တိုက်ခိုက်ခဲ့ရာ မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကာ ဂျက်တိုက်လေယာဉ်ခြောက်စင်း ပျက်စီးခဲ့ရသည်။ **ရိုက်တာ။**

လွန်ခဲ့သောနှစ်က တိုက်ခိုက်ခံခဲ့ရသော အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ကမ့်ဘက်ရှင်းစစ်စခန်းကို တွေ့ရစဉ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပြင်ဆင်ခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ၂၁-၉-၂၀၁၃ ရက်နှင့် ၂၂-၉-၂၀၁၃ ရက် သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	X-Ray Fluorescence(XRF) with Accessories	1 set
(၂)	D8-Advance Powder X-Ray Diffratometer (XRD) with Accessories	1 set

၂။ သို့ဖြစ်ရာ အဆိုပါပစ္စည်းများကို မြန်မာကျပ်ငွေအစား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ) ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဖုန်း- ၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးထောင်းအင်းပေါင် ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် 819510 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍။ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဖုန်း- ၀၉-၄၂၀၀၂၉၀၁၅

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် -၄၈၊ မြေကွက်အမှတ်-၈၀၃၊ (အလျား၄၀ပေ×အနံ၆၀ပေ) အကျယ်အဝန်းရှိ ဦးဖိုးသိန်းမောင် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊(၄၈)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၈၀၃မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးနိုင်(HNG - ၀၁၃၇၆၈) ထံမှ ဝယ်ယူရန်အတွက်ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပက်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်သူရ (မြောင်းမြ)
LL.B,A.G.T.I(EP), D.B.L,D.M.L WIPO (SWITZERLAND)
တရားလွှတ်တော်ရှေ့နေ (၈၁၀၈)
ဘဏ်ရှေ့နေနှင့် ဥပဒေအကြံပေး
အမှတ်-၁၃၂၊ ပထမထပ်၊ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၁၈၄၀၄၂၊ ၀၉ ၃၁၁၆၇၀၈၆၊ ၀၉ ၈၅၇၂၉၃၄





စပိန်လာလီဂါ ရင်ခုန်သံ

ရှိုင်းမင်းမင်း

စပိန်လာလီဂါပွဲစဉ်(၈)ကို အောက်တိုဘာ ၅၊ ၆၊ ၇ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်ဟာ လီဗန်တေးနဲ့ ဆုံတွေ့ရဖို့ရှိနေတာကြောင့် အက်သလက်တီကိုကို ရှုံးပြီးတဲ့နောက် ရီးယဲလ်မက်ဒရစ် နိုင်ပွဲပြန်ရမလားဆိုတာ စောင့်ကြည့်ရမယ်။

ဗီလာရီးယဲလ်-ဂရန်နာဒါ နံနက် ၀၀း၃၀ (၅-၁၀-၂၀၁၃)

ဗီလာရီးယဲလ်ရှုံးပွဲတွေ့သွားပြီဆိုတာ မှန်တယ်။ ဒါပေမယ့် ကစားပုံက ကောင်းနေဆဲပဲ။ အထူးသဖြင့် အိမ်ကွင်းအားရှိတယ်။ ပြီးတော့ ပြိုင်ဘက်က ခြောက်ပွဲမှာ တစ်ပွဲသာနိုင်ပြီး သုံးဂိုးသာသွင်းထားနိုင်တဲ့ ဂရန်နာဒါ၊ ဒီတော့ ဒီပွဲဟာ ဗီလာရီးယဲလ်အတွက် အခက်မဟုတ်ဘူး။ ဗီလာရီးယဲလ်ပဲ နိုင်ပွဲရဖို့ရှိတယ်။

မာလာဂါ-အိုဆာစူနာ နံနက် ၂း၃၀ (၅-၁၀-၂၀၁၃)

မာလာဂါရဲ့ ခြေမဆိုးဘူး၊ အထူးသဖြင့် နောက်ဆုံး ငါးပွဲမှာ အရှုံးဆိုလို့ တစ်ပွဲမှမရှိဘူး။ အိမ်ကွင်းမှာဆိုရင်လည်း ခံစစ်ကတစ်ဂိုးသာပေးရကာ တိုက်စစ်က ခုနစ်ဂိုးအထိ သွင်းထားတယ်။ အိုဆာစူနာကတော့ ဇယားအောက်ဆုံးကအသင်း၊ အဝေးကွင်းပွဲတိုင်းရှုံးပြီး နှစ်ဂိုးသာသွင်းထားတယ်။ မာလာဂါအနိုင်သေချာတယ်။

အဲလ်ချီ-အက်စ်ပန်ညို ည ၈း၃၀ (၅-၁၀-၂၀၁၃)

အဲလ်ချီကစားအား မဆိုးဘူးလို့ပြောရမယ်။ အိမ်ကွင်းမှာ မနိုင်သေးပေမယ့် နှစ်ပွဲသရေကစားထားတယ်။ နောက်ဆုံးပွဲစဉ်မှာလည်း နိုင်ပွဲရတယ်။ အက်စ်ပန်ညိုကနှစ်ပွဲဆက် ရှုံးပွဲကြုံထားသလို အဝေးကွင်းပွဲစဉ်တွေမှာလည်း ခြေမငြိမ်ဘူး။ အဲလ်ချီသရေလောက်ထိန်းနိုင်မယ်။

ဗယ်လီကာနို-ဆိုစီဒက် ည ၁၀း၃၀(၅-၁၀-၂၀၁၃)

သုံးပွဲဆက်တိုက်အနိုင်ပျောက်နေတဲ့ ဆိုစီဒက်ရဲ့ခြေကအားနည်းလွန်းတယ်။ အထူးသဖြင့် အဝေးကွင်းမှာတိုက်စစ်က နှစ်ဂိုးသာရပြီး နိုင်ပွဲလည်းမရှိသေးဘူး။ ဒါပေမယ့် ဗယ်လီကာနိုကလည်း အိမ်ကွင်းအားတစ်ခုသာရှိပြီး တန်းဆင်းဇုန်ထဲရောက်တဲ့ အထိခြေကျနေတယ်။ ဆိုစီဒက်နဲ့အရဲစွန့်ချင်တယ်။

လီဗန်တေး-ရီးယဲလ် နံနက် ၀၀း၃၀ (၆-၁၀-၂၀၁၃)

အက်သလက်တီကိုကို ရှုံးခဲ့တဲ့အတွက် ဒီပွဲမှာရီးယဲလ်အနိုင်ရအောင် အားစိုက်လာမှာသေချာတယ်။ လီဗန်တေးက အိမ်ကွင်းမှာ အရှုံးမရှိဘူးဆိုပေမယ့် အနိုင်မရှိသေးဘူး။ အထူးသဖြင့် တိုက်စစ်ကတစ်ဂိုးသာရသေးတယ်။ ဒါကြောင့် ရီးယဲလ်မက်ဒရစ်ရဲ့ နိုင်ပွဲပြန်ရှာမယ့်အားကိုပဲ နှစ်သက်တယ်။

ဘာစီလိုနာ-ဗယ်လာဒိုးလစ် နံနက် ၂း၃၀(၆-၁၀-၂၀၁၃)

မက်ဆီပါဝင်နိုင်မှုမရှိခြင်းဟာ ဘာစီလိုနာကို ဟန်ချက်ပျက်စေမှာမဟုတ်ဘူး။ အထူးသဖြင့် ဗယ်လာဒိုးလစ်ဟာ အဝေးကွင်းမှာနိုင်ပွဲလုံးဝမရှိသေးသလို တိုက်စစ်ကလည်းနှစ်ဂိုးသာသွင်းထားနိုင်တယ်။ ဘာစီလိုနာကို တုံ့ပြန်နိုင်အား လုံးဝမရှိတာမြင်သာတယ်။

အက်သလက်-ဆယ်တာဗီဂို ညနေ ၄း၃၀(၆-၁၀-၂၀၁၃)

အက်သလက်တီကိုရဲ့ခြေကိုယှဉ်နိုင်တဲ့အား ဆယ်တာဗီဂိုမှာမရှိဘူး။ ဒီယေဂိုကော်စတာ ခြေစွမ်းပြနေတဲ့ အက်သလက်တီကိုရဲ့တိုက်စစ်က အားပျော့တဲ့ဆယ်တာဗီဂိုခံစစ်ကို ဖိအားပေးနိုင်မှာသေချာတယ်။ အက်သလက်တီကိုရဲ့ကွင်းလည်းဖြစ်လို့ အက်သလက်တီကိုနဲ့ပဲရပ်တည်ရမယ်။

ဆီဗီးလ်-အယ်မာရီးယား ည ၉း၃၀(၆-၁၀-၂၀၁၃)

သုံးပွဲမှာ ရှစ်ဂိုးပေးထားရပြီး အနိုင်မရှိတဲ့ အယ်မာရီးယားရဲ့ အဝေးကွင်းစွမ်းဆောင်မှုဟာ ဆီဗီးလ်အတွက် အဟန့်အတားမဟုတ်ဘူး။ အထူးသဖြင့် ဆီဗီးလ်ကနိုင်ပွဲလိုနေတယ်။ အိမ်ကွင်းအားလည်းရှိတော့ ဒီပွဲမှာမဖြစ်မနေ အနိုင်ကစားမှာသေချာပါတယ်။

ဂီတာဖေး-ဘက်တစ် ည ၁၁း၃၀(၆-၁၀-၂၀၁၃)

ဂီတာဖေးရဲ့အိမ်ကွင်းအားက လျှော့တွက်ဖို့ခက်တယ်။ သုံးပွဲမှာအရှုံးမရှိ။ ခြောက်ဂိုးသွင်းပြီး နှစ်ပွဲနိုင်တယ်။ ဘက်တစ်ကအဝေးကွင်းမှာ အနိုင်မရှိသေးဘူး။ အထူးသဖြင့် အဝေးကွင်းမှာ နှစ်ဂိုးသာရထားတဲ့ ဘက်တစ်တိုက်စစ်ကအားပျော့လွန်းတယ်။ အိမ်ရှင်ဂီတာဖေးရဲ့ ရှန်းအားကိုပဲနှစ်သက်တယ်။

ဘီလ်ဘို-ဗလန်စီယာ နံနက် ၁း၃၀ (၇-၁၀-၂၀၁၃)

ဘီလ်ဘိုရဲ့အိမ်ကွင်းရှန်းအားကကောင်းတယ်။ သုံးပွဲမှာ သုံးပွဲစလုံးအနိုင်ရထားတယ်။ တိုက်စစ်က ခုနစ်ဂိုးသွင်းထားတယ်။ ဗလန်စီယာက အခုနောက်ပိုင်းကစားပုံကောင်းတယ်ဆိုပေမယ့် အဝေးကွင်းခြေကအားနည်းမှုတွေရှိ တယ်။ အိမ်ကွင်း အားနဲ့ဖိအားပေးလာမယ့် ဘီလ်ဘိုဘက်ကို အလေးသာနေတယ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၅၅	မြန်မာသံစဉ်ချိုနားဝင်
၇း၂၀	စာပေအလင်းစာပေသတင်း
၈း၃၅	ဇာတ်လမ်းတို
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ခေတ်သစ်အချစ်"(အပိုင်း-၃၄)
၆း၂၅	ကာတွန်းအစီအစဉ် "အာကာသသူရဲကောင်းလေးများ" (အပိုင်း-၁၃၇)
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ယောကျ်ားဂုဏ်ရည်" (အပိုင်း-၅)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသ သတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုယ်ယုံကြည်သော ချစ်ခြင်းဖြင့်"(အပိုင်း-၄၂)

ရောဘတ်တိုမန်စီနီအား ဂါလာတာစာရေးအသင်းနည်းပြအဖြစ် ခန့်အပ်

ပြီးခဲ့သည့် မေလအတွင်းက မန်စီးတီးအသင်း နည်းပြအဖြစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသော အချိန်မှစ၍ အသင်းလက်မဲ့ဖြစ်နေသော ရောဘတ်တိုမန်စီနီအား ဂါလာတာစာရေးအသင်းက နည်းပြအဖြစ် ခန့်အပ်ရန် သဘောတူညီခဲ့ပြီးနောက် လက်ရှိတွင် မန်စီနီအား သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဂါလာတာစာရေးအသင်းက အတည်ပြုပြောကြားခဲ့သည်။

အီတလီနိုင်ငံသား နည်းပြ ရောဘတ်တိုမန်စီနီသည် ယခင်က ဖီအိုရင်တီးနားအသင်း၊ လာဇီယိုအသင်း၊ အင်တာမီလန်အသင်းနှင့် မန်စီးတီးအသင်းတို့ကို ကိုင်တွယ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှစတင်ကာ သုံးနှစ်စာချုပ်ဖြင့် ဂါလာတာစာရေးအသင်းနည်းပြတာဝန်ကို ယူခဲ့ခြင်းကြောင့် ဂါလာတာစာရေးအသင်းသည် ရောဘတ်တိုမန်စီနီ၏ နည်းပြဘဝ တစ်လျှောက်ပဉ္စမမြောက်ကိုင်တွယ်ခွင့်ရသော အသင်းလည်းဖြစ်လာခဲ့သည်။

နည်းပြရောဘတ်တိုမန်စီနီသည် အင်တာမီလန်အသင်းနည်းပြတာဝန် ထမ်းဆောင်ခဲ့သော ၂၀၀၇ ခုနှစ်တွင် အီတလီစီးရီးအေချန်ပီယံ ဖြစ်လာအောင် စွမ်းဆောင်ပေးခဲ့ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ၂၀၁၂ ခုနှစ်မေလအထိ မန်စီးတီးအသင်းကို ကိုင်တွယ်ခဲ့စဉ်တွင်လည်း ၄၄ နှစ်ကြာဝေးကွာနေသည့် ပရီမီယာလိဂ်ဖလားကို မန်စီးတီးအသင်းအတွက် ရယူပေးခဲ့သည့်အပြင် အက်ဖ်အေဖလားကိုလည်း ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

ယင်းသို့ လေးနှစ်တာကာလအတွင်း မန်စီးတီးအသင်းအား အောင်မြင်မှုများ ရယူပေးနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ဝင်ခွင့် ရရှိစဉ်တွင် အုပ်စု(A)တွင် ဘိုင်ယန်မြူးနစ်နှင့် နာပိုလီတို့အောက် တတိယနေရာသာ ရရှိခဲ့၍ ချန်ပီယံလိဂ်မှ စောစီးစွာ ထွက်ခဲ့ရပြီးနောက် နည်းပြမန်စီနီအား အသင်းနည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့သည်။ ယင်းအချိန်မှစ၍ အသင်းလက်မဲ့ဖြစ်နေခဲ့ရသော မန်စီနီအား လက်ရှိတွင် တူရကီကလပ် ဂါလာတာစာရေးအသင်းက နည်းပြအဖြစ်ခန့်အပ်လိုက်ပြီး ယခုနှစ်ဘောလုံးရာသီ၏ လက်ကျန်အချိန်ကာလအတွင်း ယူရို ၃ ဒသမ ၅ သန်းရရှိမည်ဖြစ်ပြီး ကျန်နှစ်နှစ်အတွက် ယူရို ၄ ဒသမ ၅ သန်း ဝင်ငွေရရှိမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

ဘောလုံးလောကသတင်းတိုများ

- ဘာစီလိုနာအသင်းမှ ဂိုးသမားဗစ်တာဗဲလ်ဒက်စ်သည် ဘာစီလိုနာအသင်းကို စွန့်ခွာကာ ပြင်သစ်ကလပ် မိုနာကိုအသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်မှုရှိနေပြီး မိုနာကိုအသင်းနှင့်လေးနှစ်စာချုပ်ကာ တစ်နှစ်လျှင် ယူရို ၁၀ သန်းရရှိလိမ့်မည်ဖြစ်ကြောင်း သိရသည်။
- မန်ယူအသင်းနည်းပြ ဒေးဗစ်မိုယက်သည် ယခုနှစ်ဘောလုံးရာသီအစပိုင်းတွင် ရလဒ်များ ဆိုးရွားနေခြင်းကြောင့် လေတန်ဘိန်းစ်နှင့် အန်ဒါဟာရီရာတို့ကို ခေါ်ယူရန် မျှော်လင့်ထားသည့်အပြင် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုအတွက် ပေါင် သန်း ၅၀ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။
- နယူးကာဆယ်အား အဲဗာတန်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် အဲဗာတန်အတွက် နှစ်ဂိုးသွင်းယူပေးခဲ့သော တိုက်စစ်မှူး လူကာကူသည် အဲဗာတန်အသင်း၌ ဆက်ရှိနေလိမ့်မည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းကလည်း လူကာကူအား ပြန်ခေါ်လိမ့်မည်မဟုတ်ကြောင်း နည်းပြမာတီနက်ဇ်က ဆိုသည်။
- ပရီမီယာလိဂ်တွင် ဝါရင့်နည်းပြမော်ရင်ဟို ရှိနေလင့်ကစား အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် သာလျှင် ပရီမီယာလိဂ်တွင် အကောင်းဆုံးနည်းပြတစ်ဦးဖြစ်ကြောင်း နာပိုလီအသင်းနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။
- ပြီးခဲ့သည့်နှစ်က ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ပေါင် ၁၇ သန်းဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သော ဂျပန်ကွင်းလယ်ကစားသမားကာဂါဝါသည် မန်ယူအသင်း၌သာ ကစားသမားဘဝကို အဆုံးသတ်ရန် ဆန္ဒရှိနေကြောင်း ဝန်ခံပြောကြားသွားခဲ့သည်။

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကျေးဇူးဆပ်ပါမည်

ကျွန်မ အေးသန္တာ [၃/လဘန(နိုင်) ၁၃၃၄၇၇] ကိုင်ဆောင်သော PP No. A338295 ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ Ph-01-9688521

ဇေယျ ၅၉-၆၀ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) သင်တန်းဆင်း ဥပဒေအရာရှိများ (၃၁)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ဖိတ်ကြားလွှာ

ဇေယျ ၅၉-၆၀ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)သင်တန်းဆင်း ဥပဒေအရာရှိများ (၃၁) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အောက်ပါအစီအစဉ်များအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ ပူးပေါင်းပါဝင်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

၄-၁၀-၂၀၁၃ရက်(တော်သလင်းလကွယ်နေ့) (သောကြာနေ့)နံနက် ၈း၀၀ နာရီ	-ဥပဒေရုံးများဆိုင်ရာဗုဒ္ဓသာသနာနုဂ္ဂဟအသင်း ဝတ်ရွတ်ပူဇော်ပွဲ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊နေပြည်တော်
၅-၁၀-၂၀၁၃ ရက် (စနေနေ့)ညနေ(၆း၀၀)နာရီ	- Western Park Restaurant ကမ္ဘာအေးစေတီလမ်း၊ ကန်တော်ကြီး၊ ဗဟန်းမြို့နယ်၊ (အမှတ်တရလက်ဆောင်လဲလှယ်မည့် အစီအစဉ်ရှိပါသည်။)
၆-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)နံနက်(၇း၀၀)နာရီ	- ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်း ဝတ်ရွတ်ပူဇော်ပွဲ ဗုဒ္ဓဟူးညနေသန့်ရှင်းရေးအသင်းတန်ဆောင်း၊ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်၊

ဆက်သွယ်ရန်ဖုန်းနံပါတ် - ဦးဇော်လင်းမောင်-၀၉-၅၅၀၀၁၉၁၊ ဦးမြသန်း-၀၉-၅၅၀၀၉၃၅၊ ဒေါ်ခင်မြတ်သူ-၀၉-၈၆၃၅၁၂၂၊ ၀၁-၂၅၀၃၁၆၊ ဒေါ်ယဉ်မျိုးမေ-၀၉-၅၁၈၁၀၆၅၊ ဦးမောင်မောင်ကြည်ဝင်း-၀၉-၄၉၂၆၇၆၉၅၊ ဦးစံလှကျော်-၀၉-၅၁၉၄၉၉၁

ဇေယျ-၅၉-၆၀ သင်တန်းဆင်းဥပဒေအရာရှိများ





စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်) အရာရှိအိမ်ရာ၊ ရန်ကုန်အင်းစိန်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၈. ၇၇၂) ဧကခန့်တွင် ရန်ကုန်အင်းစိန်လမ်းမဘက်ခြမ်းရှိ မြေဧရိယာတစ်ဝက်အား လုပ်ငန်းဆောင်ရွက်ခွင့်ပေးပြီး အဖိုးအခအဖြစ် ကျန်ဧရိယာတစ်ဝက်တွင် အဆင့်မြင့် ဝန်ထမ်းအိမ်ရာများကို ရေမီး အပြည့်အစုံဖြင့် အောက်ပါအတိုင်း ဆောက်လုပ်လိုပါသည်-

(က) အရာရှိကြီး အိမ်ရာ (၄ခန်းတွဲ ၁၂ ထပ်) (၁)လုံး
(ခ) အရာရှိငယ်အိမ်ရာ (၈ခန်းတွဲ ၁၂ထပ်) (၁)လုံး
(ဂ) အမှုထမ်းအိမ်ရာ (၈ခန်းတွဲ ၁၂ ထပ်)(၃)လုံး
(ဃ) 10 MVA Substation
(င) အခြားဆက်စပ်လုပ်ငန်းများ

၂။ တင်ဒါတင်သွင်းနိုင်ရေးအတွက် တင်ဒါခေါ်ယူလွှာ၊ အသေးစိတ်အချက်အလက်များ ဖော်ပြထားသည့် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများပါဝင်သည့် တင်ဒါစာရွက်စာတမ်း အပြည့်အစုံကို ငွေကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်သန်းတိတိ)ဖြင့် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ငွေသွင်းချလံရယူပြီး ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါဝယ်ယူငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၃။ တင်ဒါစတင်ရောင်းချမည့်ရက်- ၁၅-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၂၀-၁၂-၂၀၁၃ ရက်(သောကြာနေ့) (၁၆း၀၀) နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၄။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များကို အသေးစိတ် သိလိုပါက ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်းလာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

စီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၄၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆
(Fax) ၀၆၇-၄၀၈၁၉၅

လားရှိုးမြို့တွင် ယာဉ်မတော်တဆမှုဖြစ်

လားရှိုး အောက်တိုဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အောက်မန်အိုင် ရပ်ကွက်(၅) နယ်မြေ(၁၃) အောက်မန်အိုင်ဘုန်းတော်ကြီးကျောင်းနှင့် ထရန်စဖော်မာတည်ရှိရာလမ်းဆုံတွင် စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အထက်မန်အိုင်ကုန်းဆင်းမှ ယာဉ်မောင်းအိုက်ကြတ်မောင်းနှင်လာသော ၉၄/---လေးလုံးထိုး ထင်းတင်ယာဉ်သည် ဘရိတ်ပေါက်ပြီး ကုန်းဆင်းအတိုင်း လမ်းဆုံအနီးတွင် ရပ်ထားသောယာဉ်အမှတ် ၂ခ/--- အဝီစိတွင်းတူးဖော်ရေးမြေသယ်ယာဉ်အား အနောက်မှဝင်ရောက်တိုက်မိခဲ့ပြီး ၂ခ/--- ယာဉ်မှာ ရပ်ကွက်(၅) နယ်မြေ(၁၃) အိမ်အမှတ်(၁၈၁၂) ခေါက်ဆွဲဆိုင်အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

ယင်းသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်ပါယာဉ်မောင်းနှင့်အတူ ကိုအိုက်စံနှင့် ကလေးသုံးဦးပါရှိပြီး ကလေးတစ်ဦးမှာ ရှေ့သွားကျိုးဒဏ်ရာရရှိပြီး ကိုအိုက်စံ (၂၅)နှစ် ပန်ဟုန်းကျေးရွာနေသူမှာ လေးလုံးထိုးယာဉ်ရှေ့ပိုင်းနှင့် ညပ်မိပြီး ယာဘက်ခြေထောက် ပြတ်ရှဒဏ်ရာရရှိခဲ့ခြင်းကြောင့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီး အရိုး၊ အကြော(အထူးကု)ဌာနသို့ ပို့ဆောင်ကုသလျက်ရှိကြောင်း သိရသည်။

ဟန်ဌေးအောင်ဟန်ဌေး (iprd)

ဖားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁

ကချင်ပြည်နယ် မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဖားကန့်မြို့နယ် မော်စီဇာကျေးရွာ အေဝမ်းရပ်နေ စောအောင်မင်းဦး (၂၈)နှစ်နှင့် သိန်းနိုင်ဌေး(ခ) အိုက်စိုင်း (၂၈)နှစ်တို့၏နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၆ ပြား တန်ဖိုးငွေကျပ် ၃၅၁၆၀၀၀ သိမ်းဆည်းရမိသဖြင့် စောအောင်မင်းဦးနှင့် သိန်းနိုင်ဌေး(ခ)အိုက်စိုင်းတို့ နှစ်ဦးအား ဖားကန့်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ဂျပန်ဇနီးမောင်နှံ၏ နေအိမ်အတွင်းမှ ဒေါ်လာနှင့် မြန်မာငွေ(ငါးသိန်း)ခိုးယူသူ မီးပြင်သမားများအား အရေးယူ

သန်လျင် အောက်တိုဘာ ၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ မင်းရဲကျော်စွာလမ်း ရုံးတော်ရပ်ကွက်တွင် စက်တင်ဘာ ၂၈ ရက်က ငွေကျပ် ၄၉ သိန်းဖိုးခိုးယူသူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရုံးတော်ရပ်ကွက်နေ ဦးဝင်းမင်းသိန်းသည် စက်တင်ဘာ ၂၇ ရက်တွင် ဇနီးဖြစ်သူ (ဂျပန်နိုင်ငံသူ) Keiko katsumi နှင့်အတူ နေအိမ်၌ အတူရှိနေစဉ် နေအိမ်သို့ မီတာတပ်ဆင်ရန်အတွက် မီးပြင်သမားနှစ်ဦးလာရောက် မီးပြင်နေစဉ် မြန်မာငွေကျပ် ၅၀၀၀ တန် တစ်အုပ်၊ အမေရိကန်ဒေါ်လာ ၁၀၀ တန် ၆၅ ရွက်နှင့် ယမ်းငွေ ၁၀၀၀၀ တန် ၁၀ ရွက်တို့ကို ဇနီးဖြစ်သူကိုင်ဆောင်သော အဝါရောင်လက်ကိုင်အိတ်အတွင်း၌ ထည့်ထားကာ နေအိမ်အိပ်ခန်းအတွင်းရှိ ဆိုဖာပေါ်တွင် တင်ထားပြီး ယင်းနေ့က နေအိမ်အိပ်ခန်းအတွင်းသို့ ဝင်ထွက်သွားလာနေသော်လည်း ပိုက်ဆံအိတ်မှာ ထားသည့်နေရာအတိုင်း ရှိနေသဖြင့် ဖွင့်မကြည့်ဘဲ စက်တင်ဘာ ၂၈ ရက်တွင် ပိုက်ဆံအိတ်အား ဖွင့်ကြည့်မိရာ မြန်မာငွေကျပ် ၅၀၀၀ တန် တစ်အုပ်(ငါးသိန်း)၊ အမေရိကန်ဒေါ်လာ ခြောက်ထောင်ခန့်မှာ အိတ်အတွင်းမှ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်ပေးပါရန် တိုင်ကြားသဖြင့် သန်လျင်မြို့မရဲစခန်းမှ (ပ)၈၉၉/၂၀၁၃၊ ပြစ်မှု ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ပြီး အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

တာဝန်မှူးအဖွဲ့ဖြစ်သော ဒုရဲမှူးတင်လှနှင့်အဖွဲ့များသည် အခင်းဖြစ်ပွားရာနေရာ၌ ကျန်ရစ်သောသဲလွန်စများအရ အဖွဲ့များခွဲ၍ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်ဖြင့်ရောက်ရှိလာသူ အောင်ဇော်ထူး(ခ)ဒါးမူး(ဗိုလ်ချုပ်ရွာ)၊ ကိုကိုဦး (ကျောက်တန်းမြို့) နေသူနှင့် အောင်သူ(ခ) ရီးဒဲကူးမား (ကျောက်တန်းမြို့) နေသူတို့သည် ၎င်းတို့ကျန်ခဲ့သော မီးပြင်အိတ်နှစ်အိတ်လာယူစဉ် စစ်ဆေးရာမှ ဆိုင်ကယ်အတွင်း၌ သက်သေခံငွေများ တွေ့ရှိရသဖြင့် ၎င်းတို့သုံးဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(တံတားကျော်လွင်)

လူငယ်တစ်ဦး ကြိုးဆွဲချသေဆုံး

နတ်တလင်း အောက်တိုဘာ ၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ဒမငယ်ကျေးရွာ ဈေးအတွင်း ဈေးဆိုင်ခန်း၌ လူငယ်တစ်ဦး ကြိုးဆွဲချသေဆုံးမှု တစ်ခုဖြစ်ပွားခဲ့သည်။

သေဆုံးသူမှာ မောင်တဝေ(ခေါ်) မောင်တင်ကိုကိုဇော် အသက် (၁၄) နှစ် အဌမတန်းကျောင်းသားတစ်ဦးဖြစ်ပြီး စက်တင်ဘာ၂၉ ရက် ည ၇ နာရီခွဲက ဈေးအတွင်းရှိ ဈေးဆိုင်ခန်းဒိုင်းကို နိုင်လွန်ကြိုးဖြင့်ချည်ပြီး ကြိုးဆွဲချ သေဆုံးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် တောင်ညိုရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းမြင့်(ပြန်/ဆက်)

ပခုက္ကူမြို့တွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများဖမ်းဆီး

ပခုက္ကူ အောက်တိုဘာ ၁

ပခုက္ကူခရိုင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုအဖွဲ့က မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်း၊ ဆိုင်ကယ်စီးလျှင် နှစ်ဦးထက်မပိုရ၊ ဆိုင်ကယ်စီးဦးထုပ်များဆောင်းရမည့်အကြောင်း ပညာပေးဟောပြောခြင်းများ မကြာခဏဟောပြောဆွေးနွေးခဲ့သော်လည်း ပြည်သူများမှ လိုက်နာမှုအားနည်းသဖြင့် ဌာနပေါင်းစုံပူးပေါင်းပါဝင်သောအဖွဲ့က ပခုက္ကူမြို့ ယာဉ်ထိန်းရဲစခန်းရုံးအနီး မြို့မလမ်းဆုံတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရေးပူးပေါင်းအဖွဲ့ဝင် ခရိုင်ယာဉ်ထိန်းတာဝန်ခံရဲအုပ်အောင်နိုင်မိုးအပါအဝင် ယာဉ်ထိန်း ၁၀ ဦး၊ နယ်မြေခံရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မထသအဖွဲ့နှင့် ကညနအဖွဲ့တို့ပါဝင်ပြီး စက်တင်ဘာ ၂၃ ရက်မှ ၃၀ ရက်အထိ (စနေ၊ တနင်္ဂနွေမပါ) ဆိုင်ကယ်စီးနင်းရာတွင် ဦးထုပ်မဆောင်းသူ ၁၇၄ ဦးအား ဖမ်းဆီးပြီး မြို့နယ်တရားရုံးသို့ အမှုတွဲတင်ပို့နိုင်ခဲ့ကြောင်းနှင့် ၎င်းတို့အဖွဲ့အနေဖြင့် ယခုရက်ပိုင်းအတွင်း ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများကိုသာ အဓိကထား ဖမ်းဆီးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

(၅၇၁)

ခရီးသည်တင်ယာဉ် အရှိန်လွန်တိမ်းမှောက်၍ ၁၅ဦး ဒဏ်ရာရ

ပဲခူး အောက်တိုဘာ ၁

ပဲခူးမြို့နယ် ဘုရားကြီးမြို့ မယင်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ် (၅၇/၆) နှင့် (၅၇/၇) အကြားတွင် စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီခွဲခန့်က ခရီးသည်တင်ဟိုင်းလပ်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါသူ ၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးဘက်မှ ညောင်လေးပင် ဘက်သို့ ယာဉ်မောင်းဇင်မျိုးအောင်(ခ)ဂျပု (၃၂)နှစ် ကတုတ်ဘုရားကြီးကျေးရွာ ဒိုက်ဦးမြို့နယ်နေသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ရန်နိုင်ထွန်း (၂၂) နှစ် ယာဉ်နောက်လိုက်အဖြစ် လိုက်ပါသော ဟိုင်းလပ်အပြာရောင် ယာဉ်အမှတ် ၈က/--- သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ခရီးသည် အမျိုးသားခုနစ်ဦး၊ အမျိုးသမီး ခုနစ်ဦးနှင့် ယာဉ်နောက်လိုက် ရန်နိုင်ထွန်းတို့တွင် ဒဏ်ရာများရရှိခဲ့ကာ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဘုရားကြီးရဲစခန်းက ယာဉ်မဆင်မခြင် မောင်းနှင်သူ ဇင်မျိုးအောင်အား ယာဉ်(ပ)၂၃/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇/၃၃၈/၂၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၅၇၈)



မင်းကွန်းဒေသမှ ခရီးသည်တင် ပေါင်းမိုးတပ်နွားလှည်းများ အလုပ်အကိုင်ပေါ်များစပြုလာ

စစ်ကိုင်း အောက်တိုဘာ ၁

နိုင်ငံခြားသားခရီးသွားဧည့်သည်များအား လိုက်ပါပို့ဆောင်ပေးသည့် မင်းကွန်းဒေသအခြေစိုက် ပေါင်းမိုးတပ်နွားလှည်းများမှာ အလုပ်ပါးနေခဲ့ရာမှ ယခုအခါ လုပ်ငန်းများ ကောင်းမွန်စပြုလာပြီဖြစ်ကြောင်း သိရသည်။ မိုးတွင်းကာလတွင် မင်းကွန်းယဉ်ကျေးမှုဒေသသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်မှုနည်းပါးခဲ့သဖြင့် ခရီးသည်များကို ပို့ဆောင်ပေးနေသည့် ပေါင်းမိုးတပ်နွားလှည်း ၂၅ စီးခန့်ရှိခဲ့သော်လည်း အလုပ်ပါးနေခဲ့သဖြင့် လှည်းငါးစီးမျှသာ ခရီးသည်ပို့ဆောင်ပေးမှုပြုလုပ်ကြောင်း သိရသည်။ ယခုအခါ ဘာလေးဘာဟု ခေါ်ကြသည့် (စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) ခရီးသွားရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မင်းကွန်းသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ တစ်စတစ်စ ပိုမိုလာရောက်လည်ပတ်နေပြီဖြစ်ရာ ပေါင်းမိုးတပ်နွားလှည်းများ အလုပ်ပေါ်များစ ပြုလာနေပြီဖြစ်ကြောင်း သိရသည်။

"အခု နိုင်ငံခြားသားတွေ လာရောက်မှု များပြားလာတဲ့အတွက် လှည်း ၁၅ စီးလောက် စပြီးဆွဲနေပြီ။ ပုံတော်ဘုရားလက်ပံပင်သင်္ဘောဆိပ်မှာ တိုးလ်သင်္ဘောတွေဆိုက်တာမို့ အဲဒီဆိပ်ကမ်းကပဲ ခရီးသည်ကြိုကြတယ်။ လှည်းခ တစ်ခေါက်ကို ကျပ်ငါးထောင်ယူတယ်။ အဓိကအနေနဲ့တော့ ပုထိုးတော်ကြီး၊ ခေါင်းလောင်းကြီးနဲ့ မြသိန်းတန်စေတီတို့ကို လိုက်ပို့ပေးရတယ်။ အချို့ရွာထဲကိုလှည့်ပတ်လည်ချင်ကြတဲ့ ဧည့်သည်တွေကိုတော့ ညှိနှိုင်းဈေးနဲ့ လိုက်ပို့ပေးရတယ်။ နိုင်ငံခြားသားတိုင်း လှည်းစီးကြတာမဟုတ်ဘူး။ အထူးသဖြင့် အသက်အရွယ်ကြီးကြတဲ့ သူတွေ

အများစုပဲစီးကြတာ။ ပြည်တွင်းဘုရားဖူးတွေကတော့ စီးကြတာ တော်တော်နည်းပါတယ်။ မြို့ကြီးပြကြီးတွေက လှည်းမစီးဖူးသူတွေပဲ စီးဖူးတယ်ရှိအောင် အပျော်ငှားစီးကြတာရှိတယ်။ ဝင်ငွေက ပုံသေပြောလို့ မရဘူး။ ဈေးဦးမပေါက်တဲ့နေ့တွေလည်း ရှိတယ်။ ဧည့်သည်အဝင်၊ အထွက်ကို လိုက်ပြီး တစ်နေ့ကျပ်ခြောက်ထောင်ဝန်းကျင်တော့ရကြပါတယ်။ တောင်သူလုပ်ငန်းဝင်နေချိန်မှာတော့ လှည်းလာဆွဲတဲ့သူ နည်းတယ်။ တောင်သူလုပ်ငန်းပါးရင် နွားစာဖိုးပဲရရ ဆိုပြီး လှည်းလာဆွဲကြတယ်" ဟု မင်းကွန်းဒေသမှ ပေါင်းမိုးတပ်လှည်းဖြင့် ခရီးသွားဧည့်သည်များကို ပို့ဆောင်ပေးနေသူ တစ်ဦးက ပြောပြသည်။

မင်းကွန်းရှေးဟောင်းယဉ်ကျေးမှုဒေသသည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာသည်ဖြစ်၍ ပေါင်းမိုးတပ်လှည်း ပို့ဆောင်သူများအပြင် ပန်းချီ၊ ပန်းပုစသည့် အနုပညာလက်ရာပစ္စည်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ပိုးထည်၊ချည်ထည်အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချနိုင်ကြသဖြင့် ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိကြကြောင်း သိရသည်။

ထန်ပီးလျှန်

မှုခင်းကျဆင်းရေး ရပ်ကင်း၊ ဝပ်ကင်း၊ ပတ်ကင်းများဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန် အနောက်ပိုင်းခရိုင် အလုံမြို့နယ် ရဲတပ်ဖွဲ့မှ မှုခင်းများ ကျဆင်းရေးအတွက် ရပ်မိရပ်ဖများနှင့်တွေ့ဆုံပွဲကို အလုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးက မှုခင်းကျဆင်းရေးအတွက် ရပ်ကင်း၊ ဝပ်ကင်း၊ ပတ်ကင်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး စခန်းမှူးက မှုခင်းများဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းများကို ပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းပြီး နံနက်ပိုင်းတွင် အခမ်းအနားပြီးဆုံးကြောင်း သိရသည်။

တင်မောင်ဦး (အလုံ)

ထန်းကုန်းကျေးရွာ မီးဘေးသင့်နေအိမ်များ ပြန်လည်ဆောက်လုပ်

ရွှေဘို အောက်တိုဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာ၌ ဩဂုတ် ၂၄ ရက်က ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် နေအိမ်အချို့ပျက်စီးမှုများဖြစ်ပွားခဲ့သည်။ ယခုအခါ အဆိုပါကျေးရွာ၌ တည်ငြိမ်အေးချမ်းလျက်ရှိရာ မီးလောင်သွားသောနေအိမ်များကိုရှင်းလင်းပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မီးဘေးသင့်နေအိမ်များ ပြန်လည်တည်ဆောက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘိလပ်မြေ ၃၁၉ အိတ်ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ I.B.E.C ဆရာတော် ဦးသောဘနက မတည်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဟာဂျီ ဦးဖိုးလုံး (နေပြည်တော်)နှင့် အလှူရှင်များကလိုအပ်သည့် အိမ်ဆောက်ပစ္စည်းများပံ့ပိုးပြီး အိမ်ထောင်စု ၅၁ စု အတွက် နေအိမ်များ ပြန်လည်တည်ဆောက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၈ ရက်က ၃×၂ ခန်း၊ နှစ်ထပ်၊ သွပ်မိုး၊ အပေါ်ပျဉ်ခင်းကပ်ကာ အဆောက်အအုံ ငါးလုံးပြီးစီးကြောင်းသိရသည်။

ဆက်လက်၍ ကျန်ရှိနေသည့်နေအိမ်များကို အောက်တိုဘာလအတွင်း အပြီးသတ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(စိုးသီဟ)**

ခြင်ဆေးခွေသုံးလျှင် အနီးတွင်
လောင်စာပစ္စည်း မထားနှင့်
မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

အစိုးရ/စီးပွားရေးကြော်ငြာ

ရန်ကုန်စီးပွားရေးတက္ကသိုလ် လှိုင်နယ်မြေရှိ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် အောက်တိုဘာလအတွင်း အောက်ပါသင်တန်းကို ဖွင့်လှစ်သင်ကြားပါမည်။

"Marketing Management Course for Entrepreneurs"

စတင်ဖွင့်လှစ်မည့်ရက်စွဲ - ၇-၁၀-၂၀၁၃ မှ ၁၆-၁၀-၂၀၁၃ (ညနေပိုင်း ၈ ရက်သင်တန်း)
သင်တန်းကြေး - ၄၀၀၀၀(ကျပ်လေးသောင်းတိတိ)

အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။

သင်တန်းစုံစမ်းရန် - ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)
ဖုန်း - ၅၂၂၈၇၅၊ ၅၂၂၈၇၆

ဦးဟိန်းထွန်း(ဂျပန်ဘာသာ)

J.L.P.T/Guide Course
Business Course
Jūyōna Tango-1500
Tel: 09-5132152

ခြံမြေကွက်ငှားမည်

အောက်မင်္ဂလာဒုံလမ်းမ
အောင်ဆန်း 27'×200'
ဆက်သွယ်ရန်
ဖုန်း-၆၄၅၅၄၇၊ ၀၉-၅၁၇၃၉၁၂

ဝန်ထမ်းအမြန်အလိုရှိသည်

CMP ဖိနပ်စက်ရုံအတွက် General Manager ကျား/မ(၁)ဦး

အသက်(၄၀)မှ (၅၀)နှစ်အတွင်း ဘွဲ့ရ၊ စက်ရုံတွင် General Manager ဖြင့် အနည်းဆုံးလုပ်သက်(၃)နှစ်နှင့်အထက်ရှိရမည်။

လျှောက်ထားသူသည် စာရွက်စာတမ်းအပြည့်အစုံဖြင့် တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်လိပ်စာ

အမှတ်(၄၀/၁-စီ)၊ မြစပါယ်လမ်း၊ (၉)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၆၇၀၇၉၊ ၆၅၁၅၂၈၊
ရုံးချိန်အတွင်းဆက်သွယ်ရန်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) A0 Color Plotter - (6) Nos
(ခ) A0 Mono Chrome Copier - (6) Nos
(ဂ) A3 Copier - (35) Nos
(ဃ) Computer - (38) Nos

၂။ တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀/-) နှုန်းဖြင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများဝယ်ယူနိုင်ပြီး ၂၈-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၁၆:၃၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

၄။ ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ပစ္စည်းဝယ်ယူရေးအဖွဲ့
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၀၅၊ ၀၆၇-၄၁၀၄၀၉

အိတ်ဖွင့်တင်ဒါအမှတ်(၁)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး(မုံရွာမြို့)၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဆောက်လုပ်ခြင်းလုပ်ငန်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းတည်ဆောက်ရေးလုပ်ငန်းတွင် လိုအပ်သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	
၁။	ဘိလပ်မြေ	၃၈၉၂(ထိုင်းဆင်)	တန်
၂။	မြစ်သဲ	၆၆၄၁	ကျင်း
၃။	ကျောက်ကြီး	၂၈၆	ကျင်း
၄။	ချိပင်ကျောက်	၂၆၀၃	ကျင်း
၅။	တောသစ်	၁၁၅၀	တန်
၆။	အုတ်	၁၆၃၂၄၂၂	ချပ်
၇။	သံချောင်းလုံး ၁၂မမ∅ နှင့်အောက်	၄၃၃	တန်
၈။	သံချောင်းလုံး ၁၂မမ∅ အထက်	၆၈၃	တန်
၉။	၈'×၄'ငါးထပ်သား(အင်)	၉၆၃၆	ချပ်

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၁၀-၂၀၁၃ ရက်၊ မွန်းလွဲ ၁း၀၀ နာရီ
၃။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၁၅-၁၀-၂၀၁၃ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ
၄။ တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ အစည်းအဝေးခန်းမ၊ မုံရွာမြို့

၅။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီး(ရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မုံရွာမြို့နှင့် ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မန္တလေးမြို့တွင် ၃၀-၉-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ကွန်ပျူတာ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူးစက်မင်၊ စာရေးကိရိယာများ၊ 100 KVA မီးစက်၊ လေအေးပေးစက်နှင့် ဘက်ထရီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်- ၃၀-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်- ၃၀-၁၀-၂၀၁၃ရက်၊ ၁၁း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇- ၄၁၀၂၉၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်အသိပေးကြေညာခြင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးနှင့် ဆက်စပ်နေသည့် မြေတိုင်းရပ်ကွက်အမှတ်(၁၆၅)၊ မြေကွက်အမှတ်(၁)+(၂)ဧရိယာ (၂၅၀)ဧကအနက် ဆေးရုံဝင်းပြင်ပရှိ ကျန်းမာရေးဦးစီးဌာနပိုင် မြေဧက(၁၀၀)အား ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းခြင်း၊ ဝယ်ခြင်းမပြုလုပ်ကြရန် အသိပေးတားမြစ်လိုက်သည်။

ဆေးရုံကြီးကြပ်ကော်မတီ

အောက်တိုဘာလပတ်အတွက် မိုးလေဝသ ခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁-၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာ ၆-၁၀ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးအခြေအနေနှင့်မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုပြီး ကျန်းတိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၁၃ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ရေအခြေအနေ

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်နှင့် ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးသို့ ရောက်ရှိနိုင်ပြီး ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်နှင့်ဝေါမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

မြစ်ရေကြီးမှုကြောင့် ချောင်းလမုရွာတွင်လူနေအိမ်များ ယိမ်းယိုင်ပြိုကျ

တနင်္သာရီ အောက်တိုဘာ ၁

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းလမုရွာသည် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းကားလမ်း ခရီးသည်များ နေ့လယ်စာစားသုံးရန် တစ်ထောက်နားသည့် အိမ်ခြေပေါင်း၃၅၀ကျော်ရှိသော ရွာကြီးတစ်ရွာဖြစ်သည်။ယင်းရွာသည်ယခင်နှစ်က တနင်္သာရီမြစ် ရေကြီးမှုကြောင့် ကားလမ်းပေါ်သို့မြစ်ရေအနည်းငယ်သာကျော်သော်လည်း စက်တင်ဘာ ၂၄ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ဝေါမြစ်ရေကြီးခြင်းတို့ကြောင့် ချောင်းလမုရွာ ဝဲချောင်းမြစ်ကမ်းနံဘေးရှိ အနိမ့်ပိုင်းနေရာများတွင် စက်တင်ဘာ၂၆ ရက်အထိ သာမန်မြစ်ရေအထက် ၂၁ ပေအထိ မြင့်တက်ခဲ့ပြီး အဓိကကားလမ်းပေါ်တွင် လေးပေအမြင့်အထိ မြစ်ရေရောက်ရှိခဲ့သဖြင့်အိမ်ခြေ ၁၉၄လုံး ရေကြီးနစ်မြုပ်ခဲ့ရာ အမျိုးသား ၂၁၀၊ အမျိုးသမီး ၁၉၃ ဦး စုစုပေါင်း ၄၀၃ ဦးတို့သည် ချောင်းလမုရွာ မူလွန်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းများတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြသည်။

မြစ်ရေပြန်လျော့ကျချိန် စက်တင်ဘာ ၂၈ရက်တွင် ချောင်းလမုရွာ မြစ်ကမ်းနံဘေးရှိ ခနိမိုး၊ထရံကာ၊ ကြမ်းခင်းသစ်လုံးတိုင် အိမ်ခြေ ၃၉ လုံး ယိမ်းယိုင်ပြိုကျပျက်စီးခဲ့သဖြင့် ရှေ့တန်းခြေမြန်တပ်ရင်း အမှတ်(၅၉၄)ယာယီတပ်ရင်းမှူး ဗိုလ်မှူးစိုးမင်းလွင် ဦးစီးသောတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ ပူပေါင်းလျက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

တနင်္သာရီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆန်၊ ဆီနှင့်အခြားကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(တနင်္သာရီ ပြန်/ဆက်)

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင်မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန်မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

လူမှုရေး/စီးပွားရေးကြော်ငြာ

တန့်ကြည့်တောင် ရန်အောင်ချမ်းသာဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောမဗုဒ္ဓိ အရှင်သူမြတ်ကြီး၏ သက်တော်(၇၈)နှစ်ပြည့်မွေးနေ့မင်္ဂလာအခါတော်

(၁၃၇၅ ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်) ၅-၁၀-၂၀၁၃ရက်(စနေနေ့)

(၁၃၇၅ခု၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်) ၄-၁၀-၂၀၁၃ရက်မွေးနေ့အကြို အခမ်းအနားအစီအစဉ်

မန္တလေးမြန်မာ့ရိုးရာ အမျိုးသား/သမီး ခြင်းအလှခတ်၊ ဝိုင်းလည်ခတ်တို့ဖြင့် ဖျော်ဖြေပါမည်။ "မန္တလေးပါဝါ" ချောတိုင်တက်အဖွဲ့ စွမ်းရည်ပြဖျော်ဖြေပါမည်။ ဒေသခံအမျိုးသား(၅)ယောက်တစ်ဖွဲ့၊ ဝင်ကြေး ကျပ် ၂၀၀၀ ပေးသွင်း၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ အောင်နိုင်သည့်အဖွဲ့ ဆုငွေ (၅၀၀၀၀)ကျပ် ချီးမြှင့်မည်။

စက်ဘီးစီးပြိုင်ပွဲကြီး

ပခုက္ကူ-ဆိပ်ဖြူလမ်း၊ မိုင်တိုင်(၃၆)၊ နယ်ခြားဆိုင်းဘုတ်မှ တန့်ကြည့်တောင်ဘုရားအထိ အမျိုးသား/သမီး ကျန်းမာရေးကောင်းသူတိုင်း ဝင်ကြေး(၅၀၀ိ/)ကျပ်ပေးသွင်း၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။ မိမိကြိုက်နှစ်သက်ရာ စက်ဘီးနှင့် ဆိုင်ကယ်ဦးထုပ်ဆောင်း၍ ယှဉ်ပြိုင်ရမည်။ အချိန် မွန်းလွဲ ၁ နာရီ

တန့်ကြည့်တောင် တာဝေး အပြေးပြိုင်ပွဲကြီး

တန့်ကြည့်တောင်ဒေသ၊ မြို့စိုးအုပ်စုနှင့် ဆီကွဲဝအုပ်စုအတွင်းရှိ အမျိုးသား/သမီး ကျန်းမာရေးကောင်းသူတိုင်း ဝင်ကြေး(၁၀၀၀)ကျပ် ပေးသွင်း၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်က ပထမရရှိသူများ ပါဝင်ခွင့်မရှိပါ။ ဖိနပ်စီး၍ ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲကျင်းပမည့်အချိန်၊ နေရာနှင့်အကွာအဝေး နံနက် ၈နာရီ၊ အမျိုးသမီး(၄)မိုင်၊ နံနက် ၉နာရီ၊ အမျိုးသား(၆)မိုင်၊ တန့်ကြည့်တောင်တောင်တက်ကားလမ်း စက်ဘီးစီးနှင့် တာဝေးအပြေးပြိုင်ပွဲများအတွက် (ပထမဆု ကျပ် ၁ သိန်း၊ ဒုတိယဆု ကျပ် ၇ သောင်း၊ တတိယဆု ကျပ် ၅ သောင်း၊ ဖွဲ့ဆု၊ နှစ်သိမ့်ဆုများ)ချီးမြှင့်ပေးမည်။

ဧည့်ခံကျွေးမွေးမည့်အစီအစဉ်-နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ထမင်းအပါအဝင် အာဟာရဒါန စားသောက်ဖွယ်မျိုးစုံတို့ဖြင့် ဧည့်ခံကျွေးမွေးပါမည်။ မဖိတ်မွေးနေ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် မည်သူမဆို လာရောက်သုံးဆောင်နိုင်ပါသည်။

ည ၇ နာရီ ဆီမီးကိုးထောင်၊ ပန်းကိုးထောင်၊ သစ်သီးကိုးထောင်တို့ဖြင့် တန့်ကြည့်တောင် စွယ်တော်ရှင်ဘုရားကြီးအားကပ်လှူပူဇော်ပါမည်။ (၁၃၇၅ခု၊ သီတင်းကျွတ်လဆန်း ၁ ရက်) နံနက် ၇ နာရီတွင် တန့်ကြည့်တောင်ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့်ပူဇော်ပြီး ရေစက်သွန်းချအမျှပေးဝေပါမည်။

မွေးနေ့ကျင်းပရေးအဖွဲ့၊ တန့်ကြည့်တောင်

အမည်ပြောင်းခြင်း

အထက(၁)၊ ညောင်တုန်းမြို့၊ ဆဋ္ဌမတန်း(B)မှ မောင်ရန်နိုင်ကိုအား မောင်ကျော်ဇင်လင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

အထက(၁)မှော်ဘီ ဒသမတန်း(H)မှ မမြသင်းခိုင်နှင့် ဒသမတန်း(F)မှ မစုလှဲ့နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးလှမင်း[၁၂/လမန(နိုင်)၀၉၂၀၇၇]ဖြစ်ပါသည်။ **ဦးလှမင်း**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စည်းကမ်းမဲ့၊ လိုင်စင်မဲ့ ဆိုင်ကယ်များဖမ်းဆီးရမိ

ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အတွင်းရှိ စည်းကမ်းမဲ့၊ လိုင်စင်မဲ့မောင်းနှင်လာသော ဆိုင်ကယ်များ လျော့နည်းပပျောက်ရေးအတွက် ရှောင်တခင်စောင့်ဆိုင်းဖမ်းဆီးစစ်ဆေးရာတွင် ရန်ကုန်တိုင်း ယာဉ်ထိန်းတပ်ဖွဲ့ နယ်မြေစု (၄၇)ဒုရဲမှူးစန်းယုနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းကိုနှင့် တပ်ဖွဲ့ဝင်များ၊ (၈၈)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်လွင်နှင့် အဖွဲ့ဝင်များ၊ (၅၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇော်နှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ကွမ်းအပ်သားမင်းသားလမ်းမ၊ ရတနာလမ်းမ၊ ကနောင်လမ်းမနှင့် ဧရာဝဏ်လမ်းမများကို ရှောင်တခင်စောင့်ဆိုင်းစစ်ဆေး ဖမ်းဆီးရာ စည်းကမ်းမဲ့၊ လိုင်စင်မဲ့မောင်းနှင်လာသော ဆိုင်ကယ်အမျိုးအစား ပေါင်းစုံ ၁၇ စီး **(အပေါ်ပုံ)**ကို ဖမ်းဆီးရမိသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အပ်နှံထားပြီး သက်ဆိုင်ရာမှ ဆက်လက်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၁၂)

ကလေးမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းများရေကျော်၊ တံတားများပျက်စီး

ကလေး အောက်တိုဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာ ၂၉ ရက် ညပိုင်းမှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် နေရဥ္စရာချောင်း၊ ဥပုတ်ချောင်း၊ နန်းကလိန်ချောင်းများ ရေကြီးကာ ကမ်းလုံးပြည့်ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် မြို့၏ရေအနိမ့်ပိုင်းဒေသများ ရေဝင်ရောက်ခြင်း၊ ဥပုတ်ချောင်း တံတားကျိုးကျခြင်း၊ နန်းကလိန်ချောင်းတံတား မြေထိန်းနံရံများ ပြိုကျကာ တံတားချောင်းအတွင်းသို့ နှစ်ပေခန့်နိမ့်ကျသွားခြင်း၊ ကလေး-ကလေးဝကားလမ်းများရေကျော်မှုကြောင့် ကလေးဝနှင့် တမူးသို့သွားလာရေးများ ယာယီပြတ်တောက်သွားခြင်း၊ နန်းကလိန်ချောင်းတံတားကျွံကျခြင်းများကြောင့် ကလေး-မန္တလေးလမ်းကြောင်းများ ယာယီပြတ်တောက်သွားကြောင်း သိရသည်။

နေရဥ္စရာချောင်းရေကြီးမှုကြောင့် ချောင်းဘေးကျေးရွာများဖြစ်သည့် နန်းစောင်းပု၊ နန်းကျင်းဆောင်၊ မောက်လိုက်ကလေး ကျေးရွာများအတွင်းသို့ရေဝင်ရောက်ခဲ့ရာ နီးစပ်ရာကျေးရွာများမှ ကူညီကယ်ဆယ်ရေးများဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

ဝမ်းချုပ်ခြင်းကြောင့်ဖြစ်သော သွေးတိုးရောဂါ

ကြည်လွင်မြင့်(မုဒြာ)

လူတို့၏သဘာဝ နံနက်အိပ်ယာထချိန် ဝမ်းကောင်းစွာမသွားလျှင် တစ်နေ့လုံးနေထိုင်မကောင်းတော့ဘဲ ခေါင်းမူးခြင်း၊ နောက်ကျောတက်ခြင်း၊ စိတ်မကြည်ခြင်း စသည်များဖြစ်လာတတ်သည်။ နံနက်အိပ်ယာထချိန် ဝမ်းမသွားသည့်တိုင် နံနက်စာစားပြီးချိန်၊ အလုပ်မသွားမီဝမ်းသွားလျှင်လည်း နေသာသေးသည်။ သို့မဟုတ်ပါက တစ်နေကုန် နေမကောင်းဖြစ်တတ်သည်။

ဝမ်းချုပ်ခြင်းကြောင့်ဖြစ်သော နောက်ဆက်တွဲရောဂါအမျိုးမျိုးတွင် သွေးတိုးရောဂါဝင်လာသူများသည် ဆရာဝန်ပေးသောသွေးကျဆေးကို မှန်မှန်သောက်လေ့မရှိကြ၊ ဖြစ်မှသောက်သည်။ ခေါင်းမူးမှသောက်သည်။ အစားမှားမှသောက်သည်။ သွေးတိုးမှသောက်သည်ဟု ဆိုကြသည်။ ထိုသူများသွေးပေါင်ချိန်တက်ပြီး သွေးတိုးသည့်နေ့များကို လေ့လာကြည့်လျှင် ဝမ်းချုပ်သောနေ့များဖြစ်ကြောင်းတွေ့ရှိရသည်။

သွေးတိုးရောဂါသည် ခန္ဓာကိုယ်၏သွေးလှည့်အဖွဲ့၊ သွေးကြောများအတွင်း အဆီအနှစ်များ ထုတက်ပြီး ကျဉ်းမြောင်းလာရာမှစသည်။ သွေးပိုက်လိုင်းကျဉ်းသွားသဖြင့် နှလုံးမှသွေးသွားအောင်ပို၍ညှစ်ပေးရာမှ ဖိအားတိုးလာခြင်းကို သွေးတိုးသည်ဟုခေါ်သည်။ အမှန်မှာ သွေးများတိုးလာသည်မဟုတ်၊ သွေးပို့ပေးသည့် နှလုံးညှစ်အားတိုးလာခြင်းသာဖြစ်သည်။

အငန်စား၍သွေးတိုးသည်။ အစားမှား၍ သွေးတိုးသည်။ အအေးပတ်၍သွေးကြောများကျုံ့၍ သွေးတိုးသည်ဟု အသိများကြသော်လည်း ဝမ်းချုပ်၍သွေးတိုးသည်ကို လူသိနည်းကြသည်။ သွေးကျဆေးကိုမှန်မှန်သောက်နေသူများပင် ဝမ်းချုပ်လျှင် သွေးပေါင်ချိန်တက်ပြီး သွေးတိုးလာတတ်သည်။ ခေါင်းအုံမူးဝေလာသောအခါ သွေးကျဆေးသောက်ထားတာပဲဟု ဆေးအားကိုးနှင့်နေရာမှ လဲကျသွားသူ၊ လေဖြတ်သွားသူများကို တွေ့ရဖူးသည်။ လေဖြတ်သူအတော်များများကိုလေ့လာကြည့်သောအခါ ဝမ်းချုပ်သူများဖြစ်ကြောင်းတွေ့ရှိရသည်။

ဝမ်းချုပ်သူအတော်များများသည် အထိုင်များသူနှင့် လမ်းလျှောက်နည်းသူများဖြစ်ကြောင်း တွေ့ရသည်။ ရေသောက်နည်းသူများ၊ အထူးသဖြင့် ညအိပ်ယာဝင်ချိန်နှင့် နံနက်အိပ်ယာထချိန် ရေသောက်နည်းသူများမှာ ဝမ်းချုပ်လေ့ရှိကြောင်းတွေ့ရသည်။ အချို့သူများ ဝမ်းမချုပ်စေရန် ဝမ်းနုတ်ဆေးအားကိုးနှင့်အကျင့်ပါနေသည်ကိုတွေ့ရသည်။ ဝမ်းနုတ်ဆေးကို နေ့စဉ်မှန်မှန်သောက်ခြင်းသည် ကောင်းသောအလေ့အကျင့်မဟုတ်ပေ။ အစာအိမ်နှင့် အူအတွင်းမှ သက်စောင့်အချွဲအမြှေးများပါသွားပြီးကြာလျှင် အူရောင်ရောဂါရနိုင်သည်။ ပွေးကိုင်းပါဝင်သောဆေးများကို နှစ်ရှည်စွဲစားလျှင် အူမကြီးရောင်နာမှ အခန့်မသင့်လျှင် ကင်ဆာဖြစ်နိုင်သည်ဟု အနောက်တိုင်းဆေးပညာရှင်များက အဆိုရှိသည်။

တိုင်းရင်းမြန်မာဆေးအမည်ခံ၍ထုတ်လုပ်သော သွေးတိုးကျဆေးများကို လေ့လာကြည့်သောအခါ ဝမ်းသွားအောင် စီမံဖော်စပ်ထားသော ဝမ်းနုတ်ဆေးများဖြစ်နေသည်ကိုတွေ့ရသည်။ ထိုဆေးများတွင် အမှန်တကယ်သွေးဖိအား၊ နှလုံးညှစ်အားများကိုလျော့ကျစေနိုင်သော ပရဆေးအမယ်များမပါရှိဘဲ ဝမ်းသွားစေမည့် ပရဆေးအမယ်များစွာ ထည့်သွင်းဖော်စပ်ထားသည်ကို တွေ့ရှိရသည်။ အချို့ဆေးများသည် သွေးတိုးကျဆေးအမည်ခံပြီး ပွေးကိုင်း၊ ကနခိုစေ့၊ မုတ်ခါး၊ မင်းကိုကာ၊ ဆားခါး၊ ဆေးပုလဲ စသည့်ဝမ်းလျှောလွယ်သည့်ပရဆေးများကို များစွာထည့်သွင်းဖော်စပ်ထားသည်ကို တွေ့ရပါသည်။

"ဝမ်းတစ်လုံးကောင်းလျှင် ခေါင်းမခဲ" ဟူသော စကားမှာမှန်သော်လည်း နေ့စဉ်ဝမ်းနုတ်ဆေး သောက်နေရခြင်းသည်လည်း မကောင်းပေ။ မာသော အစာ၊ ကြေခဲသောအစာ၊ လေချုပ်သောအစာများကို ရှောင်ကြဉ်ပြီး အသီးအနှံများများစားပေးခြင်း၊ ရေများများ သောက်ခြင်း၊ လမ်းမှန်မှန်လျှောက်ခြင်းပြုလုပ်ပြီး ဝမ်းအလွန်ချုပ်တတ်လျှင် သင်္ဘောသီးမှည့်၊ ငှက်ပျောသီးဖီးကြမ်း၊ သရက်သီးမှည့် စားသုံးခြင်း၊ ဟင်းချက်လျှင် မန်ကျည်းသီးမှည့်ထည့် ချက်ခြင်း၊ ရှောက်သီးအရည်ထည့်ချက်ခြင်းဖြင့် သွေးတိုးရောဂါမှ ကာကွယ်နိုင်ကြောင်း တင်ပြအပ်ပါသည်။ ။

ဥတု
ရာသီ
တောကို
မှီ၍



အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ တိုက်အမှတ် (၆၃/၆၄)၊ အခန်း(၁၀၂)လိပ်စာရှိ **ဇမ္ဗူထင်ရှား** ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၏ ကုမ္ပဏီယာယီ မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးသွားပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမောင်မောင်ကြည်စင်
မန်နေဂျင်းဒါရိုက်တာ
ဇမ္ဗူထင်ရှားဝန်ဆောင်မှု ကုမ္ပဏီလီမိတက်
ဖုန်း-၀၉-၅၀၉၇၄၉၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၊ ထားဝယ်မြို့မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ (အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ကန်ထရိုက်)များထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်မည့်လုပ်ငန်းများ

